ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် )**

**[ ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၁.၃၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကော်မတီအစည်းအဝေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ လွှတ်တော်အခွင့်အရေးကော်မတီ အစည်းအဝေး။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ဌာနအတိုင်း။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဌာနအတိုင်း။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဌာန အတိုင်း။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဌာနအတိုင်း။ ဦးတင်ရှုန်၊ တနင်္သာရီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ဗညားအောင်မိုး၊ မွန်(၇)၊ MPF အစည်းအဝေးတက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်း ကော်မတီအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဌာနအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဌာနအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဌာန အတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဌာနအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဌာနအတိုင်း။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ PR ကော်မရှင်အစည်းအဝေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ပါတီအစည်းအဝေး တက်ရောက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ပါတီအစည်းအဝေးတက်ရောက်ရန်။ ဦးနိန်းခင်ပေါင်၊ ချင်း (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး ဆေးစစ်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၆)၊ PR ကော်မရှင်အစည်းအဝေး။ ဗိုလ်မှူးတိုးမင်းထွန်း၊ တပ်မတော်၊ ဌာနအတိုင်း။ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်၊ လွှတ်တော် အခွင့်အရေး ကော်မတီ အစည်းအဝေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဌာနအတိုင်း။ ဦးတင်ဝင်း၊ ပဲခူး(၈)၊ ဌာနအတိုင်း။

ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ၎င်းအတိုင်း၊ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှုရှေးဟောင်း အမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အထက်ပါ လုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် က ကမ္ဘာ့ အမွေအနှစ် စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အထက်ပါလုပ်ငန်းစဉ်များ အတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဗိုလ်မှူးမျိုးထွန်းအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင် ဆရာကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၃၁၄ ဗိုလ်မှူးမျိုးထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်းကတော့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့် အလားတူယဉ်ကျေးမှု ရှေးဟောင်း အမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့် အထက်ပါ လုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မေးမြန်းတင်ပြမှုအား Power Point ဖြင့် တင်ပြခွင့်ပြုနိုင်ပါရန်နှင့် အင်္ဂလိပ်စာအသုံးအနှုန်း တချို့ သုံးနှုန်းခွင့်ပြုနိုင်ပါရန် ကြိုတင်ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဒီ မြန်မာနိုင်ငံရဲ့ ပျူရှေးဟောင်းမြို့(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် ၂၂-၆-၂၀၁၄ ရက်နေ့မှာ ကာတာနိုင်ငံ၊ ဒိုဟာမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး (38th Session of the World Heritage 2014)၌ မြန်မာနိုင်ငံ အတွက် ပထမဆုံးအကြိမ် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်ခံခဲ့ရပါတယ် ခင်ဗျား။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဖြစ်နိုင်တဲ့ နေရာဒေသများစွာ ကျန်ရှိနေပါသောကြောင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်

ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့် အထက်ပါ လုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပျူရှေးဟောင်းမြို့(၃)မြို့ဟာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် မြန်မာနိုင်ငံအတွက် ပထမဆုံးအကြိမ် အတည်ပြုသတ်မှတ်ခြင်း ခံခဲ့ရပါ၍ ကျွန်တော်တို့ မြန်မာ နိုင်ငံအနေနဲ့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါတယ်ခင်ဗျား။ အကျိုးကျေးဇူးများကို ဥပမာအားဖြင့် တင်ပြရမယ်ဆိုပါလျှင် ဒီ ပျူရှေးဟောင်း မြို့(၃)မြို့ကို မြန်မာ ကသာမက ကမ္ဘာကပါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ကမ္ဘာနှင့်ချီ၍ ဂုဏ်ယူ မြတ်နိုးစွာဖြင့် တန်ဘိုးထားပြီး ကမ္ဘာတည်သရွေ့ အရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်သလို မီးခိုးမထွက်တဲ့ ဒီ စက်ရုံလုပ်ငန်းတွေဖြစ်တဲ့ ကမ္ဘာလှည့် ခရီးသွား လုပ်ငန်း ကဏ္ဍမှာလည်း နိုင်ငံအတွက် ဝင်ငွေများနှစ်စဥ် တိုးတက်ရရှိလာပြီး ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုဟာ ကျွန်တော်တို့ ယခုလက်ရှိ ၂၀၁၄ ခုနှစ်အတွက် ခန့်မှန်းခြေ(၃)သန်းကနေပြီးတော့ နှစ်အနည်းငယ်အတွင်းမှာ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု (၁၀)ဆမျှ တိုးတက်ဝင်ရောက် နိုင်သည် အထိ ဒါ အကျိုးကျေးဇူးတွေ ရရှိပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ များစွာ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဦးတည်ချက်(၁၂)ရပ် အနက်က လူမှုရေးဦးတည်ချက်(၄)ရပ်၏ ဒုတိယမြောက်ဦးတည်ချက်ဖြစ်တဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဥ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး ဦးတည်ချက်နဲ့အညီ ဒါမြန်မာနိုင်ငံအနေနဲ့ ရှေးဟောင်း ယဥ်ကျေးမှု အမွေအနှစ် များစွာ ရှိသည့်အနက် ဒါ ကျွန်တော်တို့ ပျူမြို့ဟောင်း(၃)မြို့ မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီစတဲ့ မြန်မာ့ရှေးဟောင်းယဥ်ကျေးမှု အမွေအနှစ် နေရာ ဒေသ (၈)ခုကို အဆိုပြု အမွေအနှစ်အဖြစ် ဒါ ယဥ်ကျေးမှုဝန်ကြီးဌာန ကနေပြီးတော့ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှာ အဆိုပြုအမွေအနှစ်များအဖြစ် စာရင်းတင်သွင်းခဲ့ပါတယ် ခင်ဗျား။

ဒီ အထက်ပါ အဆိုပြုအမွေအနှစ် (၈)ခုအနက် မြို့ပြယဥ်ကျေးမှု အစောဆုံး ထွန်းကားခဲ့ ခြင်း၊ ထေရဝါဒဗုဒ္ဓဘာသာ အစောဆုံးထွန်းကားခဲ့သည့် ရှေးမြို့ဟောင်းများအဖြစ် ထင်ရှားစွာ ကြွင်းကျန်ခဲ့ခြင်း၊ ပုဂံခေတ်အား လက်ရာမြောက်မှု၊ ယဥ်ကျေးမှုအဆင့် မြင့်မားမှုတို့ ပေါက်ဖွားလာရန် မျိုးစေ့ချပေးခဲ့ခြင်းတို့၏ အကောင်းဆုံးပြယုဂ်ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပျူမြို့ ဟောင်း(၃)မြို့အား Serial Nomination အဖြစ် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ၂၀၀၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှာ UNESCO World Heritage Center ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်ခင်ဗျား။ ဒါ ပျူမြို့ဟောင်း(၃)မြို့ကို ဦးစားပေးပြီး တော့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းရန် ရွေးချယ်ခဲ့ရခြင်းမှာလည်း (၁) ပျူမြို့ဟောင်း (၃)မြို့သည် လွန်ခဲ့သော နှစ်ပေါင်း(၂၀၀၀)ကျော်က စတင်ဖွံ့ဖြိုးခဲ့သည့် မြန်မာနိုင်ငံ၏ အစောဆုံး မြို့ပြများဖြစ်ခြင်း၊ (၂) လွန်စွာရှေးကျပြီး ကြံ့ခိုင်မှု အားနည်းနေခြင်း၊(၃) မြေပေါ်အမွေအနှစ်၊ အထောက်အထား၊ ကြွင်းကျန်မှုနည်းပါးနေခြင်း၊ (၄)၊ ပျူခေတ်အမွေအနှစ် အရေးပါမှု တန်ဘိုးရှိမှုကို ဂဃနဏ သိရှိသူ နည်းပါးခြင်းတို့ကြောင့် အမြန်ဆုံးကာကွယ်ထိန်းသိမ်းရန် လိုအပ်နေတဲ့အတွက်

ရှေးဟောင်းမြို့များဖြစ်ခြင်း စသည့် စာရင်းများကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ဦးစားပေး တင်သွင်းရန် ရွေးချယ်ခဲ့ရခြင်း ဖြစ်ကြောင်းလည်းသိရှိရပါတယ်ခင်ဗျား။ ဒီ ပျူမြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရမှုနဲ့ ပတ်သက်ပြီးတော့ UNESCO ရဲ့ ထုတ်ပြန် ချက်တွင်လည်း ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့သည် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)ကျော်မှ စတင်၍ အရှေ့တောင်အာရှဒေသအတွင်း ဗုဒ္ဓဘာသာ ပျံ့နှံ့ခဲ့သည်ကို သက်သေ ပြလျက် ရှိပါကြောင်း၊ ထို့အပြင် ယင်းပျူမြို့ဟောင်းများသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဥ်ကျေးမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကြောင့် ဒေသအတွင်း သက်တမ်းရှည်သော အဆင့်မြင့် ယဥ်ကျေးမှုမြို့တော်များ ဖြစ်ခဲ့ပါကြောင်း၊ အဆိုပါ ပျူမြို့ဟောင်း ခေတ်များအတွင်း ဆန်းသစ်သော နည်းပညာများ ဖြစ်သည့် အရင်းအမြစ် စီမံခန့်ခွဲမှု ရေဖိအားသုံး အတတ်ပညာ၊ စိုက်ပျိုးရေးပညာ၊ အုတ်ဖုတ်ပညာနှင့် ပန်းပဲ ဆိုင်ရာ အတတ်ပညာတို့ဖြင့် ထီထွင်ဆန်းသစ်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ကောင်းမွန်သော မြို့ပြစီမံ ကိန်းနှင့် အဆောက်အဦ ဆောက်လုပ်ခြင်းစသည်တို့သည် အရှေ့တောင် အာရှဒေသတွင်း ဦးဆောင် မြို့ပြနိုင်ငံများအဖြစ် အဆင့်အတန်း မြင့်မားစွာ ရပ်တည်နိုင်ခဲ့ပါကြောင်း စသည်ဖြင့် ကျွန်တော်တို့ရဲ့ ပျူမြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရမှုကို UNESCO ကနေပြီးတော့ ဂုဏ်ပြုထုတ်ပြန် ကြေညာခဲ့တာကိုလည်း သိရှိခဲ့ရပါတယ်ခင်ဗျား။

ဒါကတော့ ကျွန်တော်တို့ ပျူမြို့ပြ မြို့ဟောင်း(၃)နိုင်ငံထဲက ဗိသာနိုးနေရာကို ပြသထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဟန်လင်း၊ ပျူမြို့ဟောင်းနေရာဖြစ်ပါတယ်ခင်ဗျား။ ဒါက တော့ ကျွန်တော်တို့ သရေခေတ္တရာမြို့ဟောင်း နေရာများ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မြောက်ဦးနယ်က ထုတ်ကန်သိမ်ဘုရားဒေသဝန်းကျင်ကို တင်ပြထားတာ ဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကိုးသောင်းဘုရားဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ရတနာပုံဘုရား ဖြစ်ပါတယ်။ ဒါကတော့ ရှစ်သောင်းဘုရားဒေသဝန်းကျင်ကို ပြသထားတာ ဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကျောက်ခေတ်က လက်နက်စက်ရုံလို့တင်စားခံရတဲ့ ပြဒါးလင်းဂူရဲ့ နေရာဒေသအချို့ကို ပြသထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အင်းလေးကန်ဒေသ ဝန်းကျင်ကို တင်ပြထားတာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကမ္ဗောဇသာဒီရွှေနန်းတော် တင်ပြထားတာ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အမရပူရ၊ ဗားကရာကျောင်းတော်ကြီး ဖြစ်ပါတယ်။ ဗားကရာကျောင်းတော်ကြီးပါခင်ဗျား။ ဒါကတော့ ပခန်းကျောင်းတော်ကြီးကို တင်ပြထား တာ ဖြစ်ပါတယ်။ ဒါကတော့ အမရပူရ Three stand Monastery ကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ အင်းဝဒေသဝန်းကျင် ရှေးဟောင်းအမွေအနှစ်များကို တင်ပြထားတာ ဖြစ်ပါတယ် ခင်ဗျား။ ဒါကလည်း ကျွန်တော်တို့ အင်းဝနန်းမြင့်တာဝါကို တင်ပြထားတာဖြစ်ပါတယ်။ ဒါ မန္တလေး ကျုံး၊ မြို့ရိုးနဲ့ နန်းတော်ကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ မယ်နုအုတ်ကျောင်း ဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ မင်းကွန်း၊ မြသိန်းတန်ဘုရား တင်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မင်းကွန်း၊ ပုထိုးတော်ကြီးဘုရားကို တင်ပြထားတာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ပုဂံဒေသ ရှေးဟောင်းအမွေအနှစ်အချို့ကို တင်ပြထားတာ ဖြစ်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ပျူမြို့ဟောင်း(၃)မြို့နဲ့ မြောက်ဦး၊ ပြဒါးလင်းဂူ၊ အင်းလေးကန်ဒေသ၊ မင်းကွန်းဒေသ၊ မန္တလေး၊ အင်းဝ၊ ဟံသာဝတီစသည့် ရှေးဟောင်းအမွေအနှစ်(၈)နေရာ အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံ အနှံ့အပြားမှာ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ နေရာဒေသများစွာ ကျန်ရှိနေပါသေးတယ်။ ဒီ ဒေသတွေကို ဇုန်(၄၆)ဇုန်သတ်မှတ်၍ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ဖြစ်ရန် ဒါ သက်ဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများက စီမံဆောင်ရွက်နေမှုများကို (က) ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် အစဉ်အလာကြီးမားသော လူသားမျိုးနွယ်စုဝင်များဖြင့် တိုင်းရင်းသားပြည်သူအားလုံး ဒါ ဂုဏ်ယူထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊ ဒါ ကျွန်တော် ဥပမာ အနေနဲ့ တင်ပြရလို့ရှိရင် ဒါကျွန်တော်တို့ ပုံတောင်ပုံညာဒေသက နှစ်သန်း(၄၀) သက်တမ်းရှိတဲ့ ဒါ Primate များကြောင့် လူသားအစ မြန်မာကဆိုပြီးတော့ သက်သေပြခဲ့ပြီးလည်း ဖြစ်ပါတယ်ခင်ဗျား။ (ခ) ရှေးဟောင်းအမွေအနှစ်များအပေါ်မူတည်၍ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်စေရန်။ (ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသားများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာ ဆောင်ရွက်လာစေရန်တို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်းများကတော့ (၁)ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်။ (၂) အလားတူ ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်များစွာ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ် အဆင့်ဆင့်။ (၃) အထက်ပါလုပ်ငန်းစဉ်များအတွက် ရည်မှန်းချက်ထား ဆောင်ရွက်နေမှုကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ပြဒါးလင်းဂူ နှင့် ရှေးဟောင်းဂူများ (တ)

အင်း၀၊ ရှေးဟောင်းသမိုင်းဝင်နေရာများ (တ-၁)

ပုံဂံ၊ ရှေးဟောင်းသမိုင်းဝင်နေရာများ (တ-၂)

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သ အပ်ပါတယ်ရှင့်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်။ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် မေးမြန်းသည့် မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင့်။ စီမံဆောင်ရွက်ရသည့် လုပ်ငန်း အဆင့်ဆင့်ကို တင်ပြမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အချိန်(၁၅)မိနစ်ခန့် ခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီး မှာ ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝ အမွေအနှစ်များ၊ ယဉ်ကျေးမှုနှင့် သဘာဝရောနှောနေသည့် အမွေအနှစ်များကို ပိုင်ဆိုင်ထားကြရာ အဆိုပါ အမွေအနှစ်များကို ရေရှည်တည်တံ့စေရေး၊ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ UNESCO က ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက် ရေး ကွန်ဗင်းရှင်း၊ Convention Concerning the protection of the world Culture and natural Heritage 1972 သဘောတူညီချက်ကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ကွန်ဗန်းရှင်ဝင်နိုင်ငံများအနေနဲ့ မိမိတို့၏ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ် တင်သွင်းခွင့်ရှိမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ကွန်ဗင်းရှင်းအဖွဲ့ဝင် (၁၈၇)နိုင်ငံ ရှိပြီးတော့ ကမ္ဘာ့အမွေအနှစ် ကော်မတီ အဖွဲ့ဝင်အဖြစ် (၂၁)နိုင်ငံကို ၎င်းတို့အနက်မှ ထပ်မံရွေးချယ် တင်မြှောက်ထားကြပါတယ်ရှင်။ နိုင်ငံတစ်နိုင်ငံ၏ အမွေအနှစ်တစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရန်အတွက် အောက်ပါလုပ်ငန်း အဆင့်ဆင့်ကို လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံအသီးသီးတို့သည် ဖော်ပြပါ ၁၉၇၂ ခုနှစ်၊ သဘောတူညီချက်ကွန်ဗင်းရှင်းမှာ လက်မှတ်ရေးထိုးပြီးတော့ အဖွဲ့ဝင်နိုင်ငံများအဖြစ်ပါဝင်ခြင်းကို ဦးစွာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၎င်းနောက် မိမိတို့နိုင်ငံရှိ အမွေအနှစ်များကို အဆိုပြုအမွေအနှစ်စာရင်း Tentative List အဖြစ်၊ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အမည်စာရင်းကို ဦးစွာတင်သွင်းရမှာ ဖြစ်ပါတယ်။ အဆိုပြုအမွေအနှစ် စာရင်းတင်သွင်းပြီး နောက်တစ်နှစ်မှစ၍ တင်သွင်းထားသောအဆိုပြုစာရင်းမှ အမွေအနှစ်တစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့် Nomination Process ကို စတင်ဆောင်ရွက်နိုင်ပါတယ်။ တစ်နှစ်တွင်ယဉ်ကျေးမှုအမွေအနှစ်အတွက် တစ်ခု၊ သဘာဝ အမွေအနှစ်အတွက် တစ်ခု၊ ယဉ်ကျေးမှုနှင့်သဘာဝအမွေအနှစ်အရောအနှောအတွက်တစ်ခု တင်သွင်း

ခွင့်ရှိပါတယ်။ ထို့နောက်မိမိနိုင်ငံမှ တင်သွင်းမည့်အမွေအနှစ်နဲ့ပတ်သက်ပြီးတော့ ကာလအလိုက် အစီရင်ခံစာ Periodic Report ကိုလည်း တင်သွင်းရပါတယ်။

ဆက်လက်ပြီးတော့မှ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အထောက်အပံ့ International Assistance ကို လျှောက်လွှာတင်ပြီးတော့ ရယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်ရှင်။ ဖော်ပြပါ ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်မှာ နှစ်တစ်နှစ်၏ စက်တင်ဘာလမှာ သက်ဆိုင်ရာအမွေအနှစ်နဲ့ ပတ်သက်ပြီးတော့ ပြုစုထားတဲ့စာတွဲ Nomination Dossiser ပါ။ Normination Dossier ရဲ့ မူကြမ်းကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာန World Heritage Centre ကို တင်သွင်းရပါတယ်။ ရေးသားတင်ပြထားတဲ့စာတွဲမှာ အခန်း(၉)ခန်းဖြင့် တင်ပြရ ပါတယ်ရှင်။ အဲဒီ အခန်း(၉)ခန်းကတော့ Identification of the Property ကျွန်မတို့ တင်သွင်း ချင်တဲ့ အမွေအနှစ်ရဲ့အမည်ပါရှင်။ နောက်တစ်ခုကတော့ Description of the Property ဒီ ယဉ်ကျေးမှုအမွေအနှစ်ကို ဖော်ပြချက်ပါရှင်။ နောက် Justification for Inscription ပါ။ ကျွန်မတို့ အမွေအနှစ်စာရင်းအတွက် အကြောင်းအကျိုး ဖော်ပြချက်ဖြစ်ပါတယ်။ State of conservation and factors affecting the property ဖြစ်ပါတယ်။ ပြုပြင်ထိန်းသိမ်းခြင်းနဲ့ ပျက်စီးစေနိုင်တဲ့ အချက်အလက်တွေကို ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

(၄)အချက်ကတော့ Protection and Management ဖြစ်ပါတယ်။ အဆိုပြုထားတဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို ကျွန်မတို့ ဘယ်လိုကာကွယ်ထိန်းသိမ်းထားမလဲဆိုတဲ့ စီမံဆောင်ရွက် မှုကို ဖော်ပြရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Monitoring ဖြစ်ပါတယ်။ ဒီအမွေအနှစ်နဲ့ ပတ်သက်ပြီးတော့ စောင့်ကြည့်လေ့လာမှုများ ဖော်ပြရမှာဖြစ်ပါတယ်။ (၇) အချက်ကတော့ Documentation ပါ။ သူနဲ့ပတ်သက်တဲ့အထောက်အထား မှတ်တမ်းမှတ်ရာများကို ဖော်ပြရမှာ ဖြစ်ပါတယ်။ (၈)အချက်ကတော့ Contact Information of responsible authorities ဖြစ်ပါတယ်။ ဆက်သွယ်ဆောင်ရွက်ရမယ့် အဖွဲ့အစည်းတွေကို ကျွန်မတို့ဖော်ပြပေးရမှာဖြစ်ပါတယ်။ (၉)အချက်က တော့ Signature on behalf of the State Party(ies) ဖြစ်ပါတယ်။ အတည်ပြု လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်ရှင်။ ယင်းတင်သွင်းခဲ့တဲ့မူကြမ်းစာတွဲ Draft Nomination Dossier ကို ကမ္ဘာ့အမွေအနှစ်ဗဟိုကနေပြီးတော့ ပညာမလေ့လာစိစစ်ပြီးတော့ သူတို့ဘက်က ဝေဖန်သုံးသပ် မှုတွေ ရှိပါတယ်။ အကြံပြုချက်တွေ ရှိပါတယ်။ အဲဒီ အကြံပြုချက်တွေကို သက်ဆိုင်ရာနိုင်ငံကို အကြောင်းကြားလာပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာနိုင်ငံကနေပြီးတော့မှ ဒီအပေါ်မှာ ပြန်လည် ပြင်ဆင်ဖြည့်စွက်ရေးသားပြီးတော့မှ အဲဒီနှစ်တစ်နှစ်ရဲ့ဇန်နဝါရီလမှာ ကမ္ဘာ့အမွေအနှစ်ကော်မတီ World Heritage Committeeကို ပြန်လည်ပြီးတော့ တင်ပြရမှာဖြစ်ပါတယ်ရှင်။ အဲဒီလို ပြန်လည် တင်ပြထားတဲ့ ပြည့်စုံတဲ့စာတွဲ Complete Nomination Dossier ကို ၎င်းတို့ဘက်ကနေ လက်ခံကြောင်း၊ လက်မခံကြောင်းကို နှစ်တစ်နှစ်ရဲ့ မတ်လ သို့မဟုတ် ဧပြီလမှာ သက်ဆိုင်ရာနိုင်ငံကို ပြန်လည်ပြီးတော့ အကြောင်းကြားလာပါတယ်။

အဲဒီလို တင်ပြခဲ့တဲ့စာတွဲကို ၎င်းတို့က လက်ခံပါတယ်ဆိုရင်တော့ ဒီလက်ခံကြောင်း အကြောင်းကြားစာနဲ့အတူ မြေပြင်မှာ ကွင်းဆင်းစစ်ဆေးဖို့အတွက် ပညာမစုံစမ်းစစ်ဆေးမှု သူတို့ ပြုလုပ်ပါတယ်။ အဲဒီလိုပြုလုပ်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံကိုလည်း သူတို့က အသိပေးပါတယ်။

အဲဒီလို စစ်ဆေးတဲ့အခါမှာ ယဉ်ကျေးမှုအမွေအနှစ်များစာရင်းကို တင်သွင်းမယ်ဆိုရင် ကျွန်မတို့ စစ်ဆေးဖို့အတွက်က International Council of Monuments and Sites အတိုကတော့ ICOMOS ဆိုတဲ့ စစ်ဆေးအကြံပေးအဖွဲ့ကနေပြီးတော့ ပညာရှင်တစ်ဦး သို့မဟုတ် နှစ်ဦးကနေ ပြီးတော့မှ လာရောက်ပြီးတော့ ကွင်းဆင်းစစ်ဆေးပါတယ်။ အဆိုပါစစ်ဆေးရေးအဖွဲ့ ပညာရှင်ကနေပြီး တော့မှ ဒီကျွန်မတို့ တင်ထားတဲ့ Nomination Dossier လို့ခေါ်တဲ့စာတွဲတွေကိုလည်း စစ်ဆေးသလို ကွင်းဆင်းပြီးတော့မှ စစ်ဆေးပါတယ်။ အဲဒီစစ်ဆေးချက်များကို သူတို့က သုံးသပ်ပြီးတော့ မှတ်ချက်ပြု ပါတယ်။ အဲဒီမှတ်ချက်ကို နှစ်တစ်နှစ်ရဲ့ မတ် သို့မဟုတ် ဧပြီလမှာ ကမ္ဘာ့အမွေအနှစ် ဗဟိုဌာနကို သူတို့က တင်လိုက်ပါတယ်။ အဲဒီအခါမှာ အဲဒီကမ္ဘာ့အမွေအနှစ်ဗဟိုဌာန World Heritage Centre ကနေပြီးမှ သက်ဆိုင်ရာနိုင်ငံကို ပြန်လည်ပြီးတော့အကြောင်းကြားပါတယ်ရှင်။

ဖော်ပြပါ သုံးသပ်၊ ဆုံးဖြတ်ချက်တွေကိုမူတည်ပြီးတော့မှ အဆိုပါနှစ်ရဲ့ ဇွန်လမှာ နှစ်စဉ် ကျင်းပမြဲဖြစ်ပါတယ်။ အဲဒီအစည်းအဝေးကတော့ World Heritage Committee Convention ဖြစ်ပါတယ်၊ ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးဖြစ်ပါတယ်ရှင်။ အဲဒီအစည်းအဝေးမှာ ခုနက ကျွန်မ တင်ပြထားခဲ့တဲ့ အဖွဲ့ဝင် (၂၁)နိုင်ငံ World Heritage Committee Member တွေ ဖြစ်ပါတယ်။ အဲဒီ(၂၁)နိုင်ငံကနေပြီးတော့မှ နောက်ဆုံးဝေဖန်၊ သုံးသပ်၊ ဆွေးနွေးပြီးတော့ အတည်ပြု သတ်မှတ်သွားပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်းဟာ အပြည့်အစုံ တင်သွင်းတဲ့ ဇန်နဝါရီလမှစတင်ပြီးတော့မှ နောက်တစ်နှစ်ကျော် ဇွန်လမှသာ ဆွေးနွေး ဆုံးဖြတ်လေ့ရှိတဲ့အတွက်ကြောင့်မို့လို့ (၁)နှစ်ခွဲ ကြိုတင်တင်သွင်းရတဲ့သဘောဖြစ်ပါတယ်။ ဒီ (၁)နှစ်ခွဲ အတွင်းမှာ သက်ဆိုင်ရာနိုင်ငံက ရေးသားတာတွေ၊ မြေပုံပြုစုတဲ့အချိန်တွေ မပါဝင်ပါဘူးရှင်။

ဒါ စတင် တင်သွင်းတဲ့အချိန်ကနေပြီးတော့ သူတို့ဆုံးဖြတ်တဲ့အချိန်အထိ အနည်းဆုံး (၁)နှစ်ခွဲ ကြာမြင့်တာ ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ် အဆိုပါကွန်ဗင်းရှင်းရေးထိုးတားတဲ့ အဖွဲ့ဝင်နိုင်ငံတွေ အားလုံးပေါင်း (၁၈၇)နိုင်ငံရှိပါတယ်။ အဲဒီထဲကနေမှ နိုင်ငံ(၂၁)နိုင်ငံဟာ အဖွဲ့ဝင် (၂၁)ဦးကို ရွေးချယ် ပြီးတော့မှ ကမ္ဘာ့အမွေအနှစ်ကော်မတီ World Heritage committee ဆိုပြီးတော့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အဆိုပါကော်မတီဟာဆိုရင် နိုင်ငံတို့ရဲ့အမွေအနှစ်တွေကို သဘောတူ သတ်မှတ်၊ ဆုံးဖြတ်၊ ငြင်းပယ်ပိုင်ခွင့် အာဏာရှိပါတယ်ရှင်။ ကမ္ဘာ့အမွေအနှစ်ဗဟို World Heritage Centre ဆိုတာ ကတော့ UNESCO အဖွဲ့ရဲ့ ဝန်ထမ်းအဖွဲ့အစည်းဖြစ်ပြီးတော့ ဒီကော်မတီကို အထောက်အကူပြုတဲ့ အတွင်းရေးမှူးအဖွဲ့ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အခု ကျွန်မ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မ Power Point နဲ့ တင်ပြ သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် ဒီ ၁၉၇၂ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝ အမွေအနှစ် ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးသဘောတူညီချက် ဒီကွန်ဗင်းရှင်းကို ကျွန်မတို့ဟာ ၁၉၉၄ ခုနှစ်မှာ လက်မှတ်ရေးထိုးပြီးတော့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဖြစ်ခဲ့ပါတယ်။ ၎င်းနောက် ၁၉၉၆ ခုနှစ် မှာတော့ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်(၈)ခုကို အဆိုပြု အမွေအနှစ် စာရင်းအဖြစ် ယူနက်စကို ကို တင်သွင်းခဲ့ပါတယ်။ ၂၀၀၈ခုနှစ်မှာတော့ အဆိုပြုထားတဲ့ အမွေအနှစ်စာရင်းများကို ပြန်လည်သုံးသပ်ကြပါတယ်။ ၂၀၁၀ ခုနှစ်မှာတော့ ပျူမြို့ဟောင်းတွေကို ဦးစွာရွေးချယ်ခဲ့ကြ

ပါတယ်ရှင်။ တစ်ဆက်တည်းမှာပဲ ဒီ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပျူမြို့ဟောင်းများနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်၊ အထောက်အထားတွေ မှတ်တမ်းတင် ဒါတွေကို ကျွန်မတို့က မှတ်တမ်းတင်စာရင်းပြုစုပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်း ဆိုင်ရာသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ အစည်းအဝေးတွေကို တက်ရောက်ပါတယ်။ လေ့လာသင်ကြားပြီးတော့ အတွေ့အကြုံများကို ရယူဆောင်ရွက်ခဲ့ပါတယ်။ ဒါကျွန်မတို့ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ဖို့ဟာ ဒါ ပထမဦးဆုံး အတွေ့အကြုံဖြစ်တဲ့အတွက်ကြောင့်မို့လို့ များစွာ ကျွန်မတို့ လေ့လာသင်ယူခဲ့ရပါတယ်ရှင်။

၂၀၁၁ ခုနှစ်မှာတော့ ယူနက်စကိုနှင့်နိုင်ငံတကာရဲ့ နည်းပညာနှင့် ဘဏ္ဍာငွေ အထောက်အပံ့၊ အကူအညီတွေရယူဖို့ တစ်နည်းအားဖြင့်တော့ International Assistance ရယူဖို့အတွက် ဆက်သွယ်ခဲ့ပါတယ်။ တင်သွင်းရမည့်စာတွဲ Nomination Dossier နှင့်ပတ်သက်ပြီးတော့လည်း မူကြမ်းတွေကို စတင်ပြီးတော့ ရေးသားပြုစုကြပါတယ်ရှင်။ ဒီ၂၀၁၂ ခုနှစ်မှာတော့ ယူနက်စကိုအဖွဲ့၊ အီတလီနိုင်ငံ၏ ရန်ပုံငွေထောက်ပံ့မှု အကူအညီကို ရရှိခဲ့ပါတယ်။ ဒီရရှိခဲ့တဲ့ရန်ပုံငွေကို ယူနက်စကိုအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ပဲ ပြည်တွင်း၊ ပြည်ပပညာရှင်တွေ ပါဝင်တဲ့ အဆိုပြုစာတွဲပြုစုရေးသားရေးအဖွဲ့၊ ပညာရှင်များအဖွဲ့၊ အကြံပေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပျူမြို့ဟောင်းများ ညှိနှိုင်းကြီးကြပ်ရေးကော်မတီနှင့် စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရေးသားပြုစုခြင်း၊ သက်ဆိုင်ရာ ပျူမြို့ဟောင်း (၃)မြို့မှာ သုတေသန၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း ဆောင်ရွက်ခြင်းများကိုပါ တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှာတော့ ပထမအကြိမ် Nomination Dossier စာတွဲမူကြမ်းကို ကျွန်မတို့ World Heritage Centre ကို တင်သွင်းခဲ့ပါတယ်။

ဒီ World Heritage Centre ကနေပြီးတော့မှ ကျွန်မတို့တင်သွင်းတဲ့ Nomination Dossier စာကြမ်း အပေါ်မှာ မြေပုံအပါအဝင် လိုအပ်ချက်တွေ ရှိကြောင်း ကျွန်မတို့ကို ပြန်လည်တောင်းခံလာပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာတော့ ကမ္ဘာ့အမွေအနှစ်ဗဟိုက တောင်းခံခဲ့တာတွေကို ပြန်လည်ဖြည့်စွက်ရေးသားတဲ့ Additional Information 1 ကို ဆက်လက်ပြီးတော့ တင်ပြပေးပို့ခဲ့ပါတယ်။၂၀၁၃ ခုနှစ်၊ ဇန်နဝါရီမှာတော့ ဒုတိယအကြိမ် အပြီးသတ်စာတွဲ တစ်နည်းအားဖြင့် ပြည့်စုံတဲ့စာတွဲ Complete Nomination Dossier ကို ကမ္ဘာ့အမွေအနှစ်ဗဟိုသို့ အချိန်မီ တင်ပြပေးပို့ခဲ့နိုင်ပါတယ်။ တစ်ဖန် ကမ္ဘာ့အမွေအနှစ်ဗဟိုမှ ကျွန်မတို့တင်ပြလိုက်တဲ့ ဒီ ပြည့်စုံတဲ့ Nomination စာတွဲကြီးကို လိုအပ်ချက်တွေရှိနေသေးတဲ့အချက်ကြောင့် လက်မခံသေးကြောင်းကို အကြောင်း ပြန်ကြားလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီ Pyu Com အဖွဲ့အနေနဲ့ UNESCO ညွှန်ကြားရေးမှူးချုပ်နှင့် ဆက်သွယ်ပြီးတော့မှ လိုအပ်တဲ့အချက်နဲ့ပတ်သက်လို့ ပြန်လည်တင်ပြဖြေရှင်းချက်တွေပေးပို့ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဧပြီလမှာတော့ ကမ္ဘာ့အမွေအနှစ်ဗဟိုကနေပြီးတော့ မြန်မာနိုင်ငံက တင်သွင်းခဲ့တဲ့ စာတွဲကြီး Nomination Dossier ကို လက်ခံလိုက်ပါကြောင်းနှင့် အဲဒီလို လက်ခံလိုက်ပြီဖြစ်တဲ့အတွက် စစ်ဆေးရေးအဖွဲ့ စေလွှတ်မည်ဖြစ်ကြောင်း အကြောင်းကြားလာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာ့အမွေအနှစ်ကော်မတီ World Heritage Centre ရဲ့ စစ်ဆေးအကြံပေးအဖွဲ့ ICOMOS

အဖွဲ့က ကျွမ်းကျင်ပညာရှင်ဟာ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာ မြို့ဟောင်းတို့ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ ဟန်လင်းမြို့ဟောင်းကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ သေချာစွာ လေ့လာစစ်ဆေးနိုင်ရေးအတွက်လည်းပဲ နိုင်ငံတော်က ရဟတ်ယာဥ် ပံ့ပိုးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကောင်းကင်မှရော၊ မြေပြင်မှာပါကောင်းစွာ လေ့လာ စစ်ဆေးနိုင်ခဲ့ပါတယ်။ စာတွဲထဲမှာ တင်ပြထားတဲ့အချက်အလက်တွေနဲ့ ကိုက်ညီမှု ရှိ/မရှိ မြေပြင်မှာ မြို့ဟောင်း(၃)ခုစလုံးမှာ ကျွန်မတို့ သုတေသနပြုမှုတွေ၊ ထိန်းသိမ်းထားရှိမှုတွေနဲ့ ဒါတွေအကုန်လုံးကို သူတို့ သေချာလေ့လာစစ်ဆေးပါတယ်ရှင်။ မိမိတို့ဘက်ကလည်း လိုအပ်သည်များကို ဖြည့်စွက် ဆောင်ရွက်ပြီးတော့မှ ဒီလိုအပ်ချက်တွေ ဆောင်ရွက်ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ ထပ်မံပြီးတော့ Additional Information 2 ဆိုတဲ့ စာတွဲကို ထပ်မံတင်သွင်းပေးပို့ခဲ့ပါတယ်။

၂၀၁၄ ခုနှစ်၊ ဧပြီလမှာတော့ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ စစ်ဆေးအကြံပေးအဖွဲ့ဖြစ်တဲ့ ICOMOS ရဲ့ ဆုံးဖြတ်ချက်ကို ကျွန်မတို့သိရပါတယ်။ အဲဒီဆုံးဖြတ်ချက်ကတော့ သူတို့က Deferred ဆိုပြီးတော့မှ ဆုံးဖြတ်ကြောင်း ဒါကို ကျွန်မတို့ ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနကနေပြီးတော့ အကြောင်းကြားလာခဲ့ပါတယ်။ သို့သော်လည်း စစ်ဆေးရေးအဖွဲ့ရဲ့မှတ်ချက်နဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ နိုင်ငံအနေနဲ့ ပြန်လည်ရှင်းလင်းချေပခွင့်ရှိပါတယ်။ တစ်နည်းအားဖြင့် Factual Error အချက်အလက်အထောက်အထားဆိုင်ရာ မှားယွင်းကြောင်းတင်ပြချက်ကို ပြန်လည်တင်ပြနိုင်ပါတယ်။ ဒီနေရာမှာ ကျွန်မတို့ရဲ့တင်ပြတဲ့စာတွဲထဲမှာ ကျွန်မတို့ရဲ့လိုအပ်တဲ့အချက်အလက်တွေလည်း ပါကောင်းပါနိုင်ပါတယ်။ ကျွန်မတို့ စာတွဲထဲမှာလည်း တင်ပြထားတဲ့အချက် မပြည့်စုံတာလေးတွေလည်းပဲ တွေ့နိုင်သလို စစ်ဆေးတဲ့အဖွဲ့အနေနဲ့ ကျွန်မတို့ရဲ့ အမွေအနှစ်တွေပေါ်မှာ အချက်အချို့တွေကို နားမလည်တဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ မှတ်ချက်ကလည်း အားနည်းကောင်း အားနည်းနိုင်ပါတယ်ရှင်။ တစ်ခု ဒီနေရာမှာ ကျွန်မကို တင်ပြခွင့်ပြုပါရှင်။ အခုကျွန်မတို့ ဒီလိုအမွေအနှစ်ကို ဆုံးဖြတ်တဲ့အခါမှာ အဓိက Main ကတော့ အပိုင်းကြီး (၂) ပိုင်းနဲ့ ဆုံးဖြတ်တာဖြစ်ပါတယ်။ တစ်ပိုင်းကတော့ ကမ္ဘာလုံးဆိုင်ရာ ဒီအမွေအနှစ်တွေဟာ၊ တင်ပြလိုက်တဲ့အမွေအနှစ်တွေဟာ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး ရှိရဲ့လားဆိုတဲ့ Outstanding Universal Value OUVကို ကြည့်ပါတယ်ရှင်။

နောက်တစ်ချက်ကတော့ ကျွန်မတို့ဟာ ဒီအမွေအနှစ်နဲ့ ပတ်သက်လို့ စီမံခန့်ခွဲမှု Management အပိုင်းမှာ ပြည့်စုံရဲ့လားဆိုတာကို စစ်ဆေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာလုံးဆိုင်ရာ စံတန်ဘိုးနဲ့ပတ်သက်တဲ့ OUV နဲ့ ကြည့်မယ်ဆိုရင် Integrity ဒီအမွေအနှစ်ဟာ ခိုင်မာမှုရှိရဲ့လားဆိုတာ ဒါကို စိစစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့တင်ပြထားတဲ့ ဒီအမွေ အနှစ်ဟာ Authenticity လို့ခေါ်တဲ့ စစ်မှန်မှုရှိရဲ့လားဆိုတာကို ကြည့်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်မတို့ယဥ်ကျေးမှုအမွေအနှစ် နဲ့ပတ်သက်ရင် Criteria (၆) ချက်နဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။ Criteria (၆)ချက်အနက် တစ်ချက်ချက်နဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီယဥ်ကျေးမှုအမွေအနှစ်ဟာ Criteria (၆)ခု ရှိတဲ့ အနက်က Criteria 2၊ Criteria 3 နဲ့ Criteria 4 တို့နဲ့ ကိုက်ညီပါတယ်ရှင်။ ဒီလိုကိုက်ညီကြောင်းကို ကျွန်မတို့က ခုန တင်ပြသလိုပဲ Nomination Dossier လို့ ခေါ်တဲ့ စာတွဲထဲမှာ ထည့်သွင်းဖော်ပြထားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ဒါကတော့ Oustanding Unversial Value နဲ့ပတ်သက်ပြီးတော့ စိစစ်ခြင်းဖြစ်ပါတယ်။

Management နဲ့ပတ်သက်လို့ကတော့ ကျွန်မတို့သတ်မှတ်ထားတဲ့ အမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းထားနိုင်ဖို့အတွက် Boundary နယ်နိမိတ်တွေ၊ အသေအချာသတ်မှတ်ထားပြီး ဖြစ်ရဲ့လား၊ သတ်မှတ်ထားတဲ့ Boundary တွေကရော ခိုင်လုံမှုရှိရဲ့လားဆိုတာကို စိစစ်ခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီအမွေအနှစ်တွေနဲ့ပတ်သက်လို့ ကျွန်မတို့ Conservation ထိန်းသိမ်းထားရှိမှုကောင်းမွန်ရဲ့လား၊ လုံလောက်ရဲ့လားလို့ စိစစ်ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အမွေအနှစ်တွေနဲ့ ပတ်သက်လို့ ဘယ်လောက်ထိအောင် ကာကွယ်ထိန်းသိမ်းမှုရှိပြီလဲဆိုတဲ့ Protection အပိုင်းကို စစ်ဆေးခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်မတို့ ရာသီဥတု အပြောင်းအလဲ ဒဏ်ကြောင့်မို့လို့ ဒါတွေ တစ်ခုခု ဖြစ်လာခဲ့မယ်ဆိုရင်ရော ဘယ်လောက်ထိအောင် ထိန်းသိမ်းဖို့အတွက် Disaster Risk Management ကိုဆောင်ရွက်ပြီးပြီလဲ။ နောက်တစ်ချက် ကတော့ ဒီအမွေအနှစ်ဟာ ကမ္ဘာ့အမွေအနှစ်ဖြစ်သွားခဲ့ရင်၊ ဧည့်သည်တွေအမြောက်အမြား ဝင်ရောက်လာမယ်ဆိုရင် ဧည့်သည်တွေ အတွက်ရော စီမံခန့်ခွဲမှုတွေ အသေအချာ ဆောင်ရွက်နိုင်မှာလား၊ ပြီးတော့ ဧည့်သည်တွေ ဝင်ရောက်လာတဲ့အတွက်ကြောင့် အမွေအနှစ်ကို မထိခိုက်ရလေအောင် ဘယ်လိုမျိုး Management တွေ ဆောင်ရွက်ထားပြီးပြီလဲ၊ ဘယ်လိုစီမံဆောင်ရွက်ထားပြီလဲဆိုတဲ့အပေါ်မှာ ဆုံးဖြတ်ပါတယ်ရှင်။

အဲဒီတော့ ကျွန်မတို့ရဲ့ ဒီအမွေအနှစ်မှာ Oustanding Universal Value နဲ့ပတ်သက်ရင်လည်းပဲ ကျွန်မတို့ထိုက်သင့်သလောက် ဒါ ရှိပြီးဖြစ်ပါတယ်။ Management နဲ့ပတ်သက်ရင် လည်းပဲ နယ်နိမိတ်သတ်မှတ်တဲ့ Boundry ကျွန်မတို့မှာ ခိုင်ခိုင်မာမာရှိပါတယ်။ ထိန်းသိမ်းထားမှု Conservation ဟာလည်း ထိုက်သင့်သလောက်ရှိပါတယ်။

သို့သော်လည်း အပြည့်အဝအား မကောင်းသေးပါဘူး။ ကာကွယ်ထိန်းသိမ်းထားမှု Protection အပိုင်းမှာလည်းပဲ ကျွန်မတို့တတ်နိုင်သလောက် ကာကွယ်ထိန်းသိမ်းထားပြီး ဖြစ်ပါတယ်။ Management နောက်တစ်ခုဖြစ်တဲ့ Disaster Risk Management နဲ့ Visitors Management အပိုင်းကတော့ ကျွန်မတို့က ဦးစွာဆောင်ရွက်ထားတာ မရှိသော်ငြားလည်းပဲ ကျွန်မတို့ ရေးသား တင်ပြလိုက်တဲ့ Nomination စာတွဲထဲမှာ ကျွန်မတို့ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်မယ် ဆိုပြီးတော့မှ ကျွန်မတို့အစီအစဉ်တွေရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအပိုင်း(၂)ပိုင်းနဲ့ ပတ်သက်ရင်တော့ ကျွန်မတို့က ဘာပဲပြောပြော ရာနှုန်းပြည့် မပြည့်စုံသော်ငြားလည်း ထိုက်သင့် သလောက်တော့ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်ရှင်။ ဒီအချက်(၂)ချက်ကို သူတို့က အဓိကထားပြီး တော့ စစ်ဆေးကြတာဖြစ်ပါတယ်။

ကျွန်မ ဆက်လက်ပြီးတော့ အနည်းငယ်တင်ပြခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့ ခုနက ကျွန်မ တင်ပြခဲ့သလိုပါ။ Criteria 2,3,4 နဲ့ ကျွန်မတို့ရဲ့အမွေအနှစ်တွေဟာ ကိုက်ညီတယ်ဆိုတဲ့ နေရာမှာ ကျွန်မဥပမာလေး အနည်းငယ် ကောက်နုတ်ပြတာဖြစ်ပါတယ်။ ဒီရွှေပြားတွေပေါ်မှာ အဲဒီ ခေတ်ရဲ့ လွန်ခဲ့တဲ့ ဘီစီ (၂) ရာစုကနေပြီးတော့ အေဒီ (၉) ရာစုအတွင်းမှာ ဒီပျူမြို့ဟောင်းတွေဟာ တိုးတက် ဖွံ့ဖြိုးခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ထေရဝါဒဗုဒ္ဓဘာသာကြီးဟာ အိန္ဒိယကနေ ဝင်ရောက် လာပြီးတဲ့ အခါမှာ ဒီယုံကြည်ကိုးကွယ်မှုနဲ့အတူ ဒီပျူခေတ်မှာ မြို့ရိုး၊ မြို့တော်တွေ၊ ယဉ်ကျေးမှုတွေ တိုးတက် ထွန်းကားခဲ့တယ်ဆိုတာကို ပြသနိုင်တဲ့ ပြယုဂ်တစ်ခုပါ။ ရွှေပြားပေါ်မှာ ကျွန်မတို့ ထေရဝါဒနဲ့ ပတ်သက်တဲ့ ပါဠိတွေကို ရေးသားထားတဲ့ရွှေပြားတွေဖြစ်ပါတယ်။ ဒါတွေဟာဆိုရင် Outstanding

Universal Value ဒါဖော်ပြနိုင်တဲ့အချက် ဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုးမှာ Criteria (၆)ချက်နဲ့ ဝင်ရမယ်ဆိုတဲ့အချက်က တစ်ခုခုနဲ့ကိုက်ညီရမယ်ဆိုတဲ့အနက်က Criteria (၂)နဲ့ကိုက်ညီတဲ့ အချက်ဖြစ်ပါတယ်ရှင်။ ဒါ ဥပမာ သာဓကတစ်ခုဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်မတို့ ဘောဘောကြီးဘုရား၊ သရေခေတ္တရာမှာ ရှိပါတယ်။ သရေခေတ္တရာမြို့ဟောင်းမှာရှိတဲ့ ဘောဘောကြီးဘုရားနဲ့ ယခင်ခေတ် ကတည်းက အဲဒီကာလတည်းက အသုံးပြုခဲ့တဲ့ရေကန်ဖြစ်ပါတယ်ရှင်။ ဒါတွေဟာဆိုရင် Criteria ၂၊ ၃၊ ၄ တို့ကို ကိုယ်စားပြုနေတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ဒါဆိုရင်လည်းပဲ ကျွန်မတို့ ဟန်လင်းမြို့ဟောင်းမှာရှိတဲ့ မြို့ဝင်ပေါက် ဖြစ်ပါတယ်။ ဒါဆိုရင် လည်းပဲ အဲဒီခေတ်မှာ Technology စတင်ဖွံ့ဖြိုးခဲ့တာတွေ၊ စတင်ပြီးတော့ သူတို့ဖန်တီးနိုင်တာတွေ၊ Inovation ရှိတာကို ဖော်ပြထားတဲ့ Criteria ၄ ကို ဖော်ညွှန်းနေတဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။ ဒါဆိုရင်လည်းပဲ ကျွန်မတို့သရေခေတ္တရာမှာရှိတဲ့ မြို့ဝင်ဂိတ်တွေ ဖြစ်ပါတယ်ရှင်။ မြို့ရိုးနဲ့ မြို့ဝင် ပေါက်တွေ ဒါတွေကလည်း Criteria (4) ကို ဒါ ဖော်ပြနေတဲ့သာဓက တစ်ခု ဖြစ်ပါတယ်။ ဒါဆိုရင် လည်း ကျွန်မတို့ Criteria (2) ကိုဖော်ပြနေတာဖြစ်ပါတယ်။ သရေခေတ္တရာမှာရှိတဲ့ ပျဉ်ထောင် အနီးမှာရှိတဲ့ အဆောက်အအုံတွေ ဖြစ်ပါတယ်။ ဒီအဆောက်အအုံတွေကနေပြီး ကျွန်မတို့ ကျောက် အရိုးအိုးတွေ ရပါတယ်။ ကျောက်အရိုးအိုးတွေအပေါ်မှာ သူတို့မှတ်တမ်းတွေကို ပျူခေတ်ရဲ့ လက်ရေး စာတွေနဲ့ ဖော်ပြထားတာတွေ ဖြစ်ပါတယ်ရှင်။ ဒါ ကျွန်မသာဓကအချို့ကို ကောက်နုတ် ပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါဆိုလည်း ကျွန်မတို့ဟာ Criteria (၂) ကိုရော၊ Criteria (၄) ကိုရော ဖော်ညွှန်းထားတဲ့ သရေခေတ္တရာမှာ ရှိတဲ့ရှေးဟောင်းသာသနိက အဆောက်အအုံ အကြွင်းအကျန် ဖြစ်ပါတယ်ရှင်။ ဒါကလည်း ကျွန်မတို့ သရေခေတ္တရာမှာရှိတဲ့ Criteria (၂)၊ Criteria (၃)တို့ကို ဖော်ပြထားတဲ့ အရိုးအိုးများ ရှိတဲ့နေရာတစ်ခု ဖြစ်ပါတယ်။

ကျွန်မတို့ ဒီလိုစစ်ဆေးပြီးတဲ့အခါမှာ မှတ်ချက်ပြုပါတယ်။ အဲဒီမှတ်ချက်ကတော့ (၄)မျိုး ပြုပါတယ်ရှင်။ ကျွန်မတို့စစ်ဆေးတွေ့ရှိတဲ့အမွေအနှစ်အပေါ်မှာ သတ်မှတ်တဲ့အချက်တွေကတော့ ဒီနှစ်မှာပဲ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် တစ်ခါတည်းသတ်မှတ်မယ်ဆိုရင် Inscribed လို့သူတို့က ဖော်ပြပါတယ်။ နောက်တစ်ခုကတော့ ဒီတင်ပြထားတဲ့အမွေအနှစ်တွေဟာ အနည်းငယ်ပြင်ဆင် ဖြည့်စွက်ရန်ရှိတဲ့အတွက်ကြောင့်မို့လို့ဆိုရင် နောက်နှစ်မှာပင် ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ် ပေးမယ်ဆိုရင် Referred သတ်မှတ်ပါတယ်။ နောက်တစ်ခုကတော့ Deferred ဖြစ်ပါတယ်။ Deferred ကတော့ ကမ္ဘာ့စာရင်းဝင်ဖြစ်နိုင်တဲ့ စံချိန်စံညွှန်းတွေကတော့ ပြည့်စုံပါတယ်။ သို့သော် လည်းပဲ ရေးသားထားတဲ့ Nomination Dossier မှာ ဖော်ပြချက်တွေ နည်းနည်း လိုအပ်ပါသေးတယ်။ ပြီးရင် ကျွန်မတို့ **site** ထဲမှာလည်းပဲ စီမံဆောင်ရွက်မှုတွေ လိုအပ်ပါသေးတယ်။ ဒါကြောင့်မိုလို့ ဒါတွေကို ပြန်လည်ပြီးတော့ ဆောင်ရွက်ပါ။ ပြန်လည်ပြီးတော့ ရေးသားဖော်ပြရမယ်ဆိုရင်တော့ ကျွန်မတို့ အစအဆုံး ပြန်လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့် Deferred ဆိုရင် ဒါဟာ (၂) နှစ်ကနေ (၃)နှစ်အထိ ကြာမြင့်သွားရမှာ ဖြစ်ပါတယ်။

အမွေအနှစ်ဟာ လုံးဝကို Universal Outstanding Value နဲ့လည်း မကိုက်ညီဘူး ဆိုရင်တော့ ဒါကို သူတို့က ကမ္ဘာ့အမွေအနှစ် စာရင်း မပေးနိုင်ပါဘူးရှင်။ ဒါဆိုရင်တော့ Not to be

Inscribed လို့ဖော်ပြပါတယ်။ အခုအခါမှာတော့ ပဏာမ စစ်ဆေးတဲ့ ICOMOS အဖွဲ့က ကျွန်မတို့ရဲ့ အမွေအနှစ် အပေါ်မှာ Deferred လို့ သူတို့က သတ်မှတ်ထားခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မ ၂၀၁၄ ခုနှစ်၊ မေလမှာ မိမိမြန်မာနိုင်ငံက စစ်ဆေးအကြံပေးအဖွဲ့ ICOMOS ရဲ့ဆုံးဖြတ်ချက်အစီရင်ခံစာပါ Report of Factual Error ကို ပြန်လည်ပြီးတော့ ကျွန်မတို့ တင်ပြဖြေရှင်းခဲ့ပြီးတော့ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် (၂၁)နိုင်ငံ နှင့် ယူနက်စကို ညွှန်ကြားရေး မှူးချုပ်ထံ မြန်မာနိုင်ငံ၏ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းတို့ကို အသေးစိတ် ရှင်းလင်းချက်များပေးပို့ခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ၂၀၁၄ ခုနှစ် မေလမှာလည်းပဲ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ ယူနက်စကိုဌာနချုပ်ရုံးမှာရှိတဲ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်နှင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီဝင် (၂၁)နိုင်ငံရဲ့ သံအမတ်ကြီးများနှင့်လည်းကောင်း တွေ့ဆုံပြီးတော့မှ ကမ္ဘာ့အမွေအနှစ် စာရင်းသတ်မှတ်နိုင်ရေးအတွက် ပျူရှေးမြို့ဟောင်းများနှင့် ပတ်သက်ပြီးတော့ ၎င်းတို့သိရှိနိုင်ရန် အသေးစိတ်ရှင်းလင်းခြင်း၊ ဆွေးနွေးခြင်းများလည်း ဆောင်ရွက် ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဇွန်လမှာတော့ ကာတာနိုင်ငံ၊ ဒိုဟာမြို့မှာ ကျင်းပတဲ့ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေး 38th Section of World Heritage Convention ကို တက်ရောက်ပြီးတော့မှ ကမ္ဘာ့အမွေအနှစ် ကော်မတီအဖွဲ့ဝင် (၂၁)နိုင်ငံ၏ အဖွဲ့ခေါင်းဆောင်များနှင့် လည်းကောင်း၊ လိုက်ပါလာကြသော အဖွဲ့ဝင်ပညာရှင်များနှင့်လည်းကောင်း တွေ့ဆုံပြီးတော့ ပျူ ရှေးဟောင်းမြို့များနှင့် ပတ်သက်ပြီးတော့ ထပ်မံရှင်းလင်းဆွေးနွေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှာ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် (၁၇)နိုင်ငံ၏ ထောက်ခံ အတည်ပြုချက်ဖြင့် ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြောင်း ကြေညာလိုက်ခြင်း ဖြစ်ပါတယ်။

ပျူမြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး၊ ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် ယူနက်စကိုအစီအစဉ်ဖြင့် International Assistance ရယူခြင်း၊ ရရှိခဲ့ခြင်း၊ အီတလီ နိုင်ငံအစိုးရ၏ အထောက်အပံ့ရရှိခဲ့ခြင်း၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများပါဝင်ပူးပေါင်း ဆောင်ရွက်ပေးခြင်း၊ ဒေသခံများ၊ ဒေသတွင်းအဖွဲ့များ၏ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ခဲ့မှုများ ကြောင့်လည်း ကျွန်မတို့ အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒုတိယမေးခွန်းနဲ့စပ်လျဉ်း၍ ဆက်လက်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၆ ခုနှစ်က အဆိုပြု အမွေအနှစ်(၈)ခုကို ကမ္ဘာ့ အမွေအနှစ်ဗဟိုကို တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပြုစာရင်း တင်သွင်းထားပြီးဖြစ်တဲ့အထဲမှာ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသလည်းပါဝင်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ ယခုအခါမှာပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရရှိရေးကို စတင်ပြင်ဆင် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်ရှင်။ ကမ္ဘာ့စာရင်းဝင်ဖြစ်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး သတ်မှတ်ချက် Outstanding Universal Value များ ရှိရမှာဖြစ်သလို ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်အဆင့်ဆင့်ကလည်း ကျွန်မတင်ပြခဲ့သလိုပဲ ကျယ်ပြန့်များပြားစွာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မဖြစ်မီရော၊ ဖြစ်ပြီး နောက်မှာရော စီမံခန့်ခွဲရေးဆိုင်ရာ

အပိုင်းတွေ ဥပမာအားဖြင့် နယ်နိမိတ်သတ်မှတ်မှုတွေ၊ ထိန်းသိမ်းမှုတွေ၊ ကာကွယ်မှုတွေ Disaster Management တွေ၊ Visitor Management တွေ စတာတွေသတ်မှတ်စည်းကမ်းများနဲ့ ကိုက်ညီမှု ရှိရမှာ ဖြစ်သလို လိုက်နာရန် ကန့်သတ်ချက်များလည်း များစွာရှိပါတယ်။ ဝန်ထမ်းအင်အား၊ ပြည်သူလူထုအင်အား၊ ဒေသခံတို့၏ အင်အား၊ ငွေကြေးရန်ပုံငွေ၊ စွမ်းဆောင်နိုင်မှုတွေလိုအပ်သလို အစိုးရ၊ ပြည်သူလူထုနှင့် လုပ်ငန်းရှင် တာဝန်ရှိ အဖွဲ့များဟာလည်းပဲ နားလည်စွာပူးပေါင်း ဆောင်ရွက်မှု၊ တွန်းအားပေးမှုများဟာလည်းပဲ အရေးကြီးလှပါတယ်ရှင့်။

အထူးသဖြင့် လူနေထိုင်ရာ နေရာများနဲ့ ရောယှက်နေမယ်ဆိုရင်တော့ ပိုမိုနက်နဲခက်ခဲပြီးတော့ ဆောင်ရွက်ရပါကြောင်းလည်း တင်ပြအပ်ပါတယ်ရှင်။ ယခုကျွန်မတို့ ၁၉၉၆ ခုနှစ်မှာ အဆိုပြု တင်သွင်း ခဲ့သော အမွေအနှစ်တွေထဲမှာလည်းပဲ မြောက်ဦးလည်းပဲ ပါ ပါတယ်။ ကျွန်မတို့ ရှေ့ဆက်ပြီးရင်တော့ တင်သွင်းထားတဲ့ အမွေအနှစ်တွေထဲကနေ တစ်ခုပြီးတစ်ခု ကမ္ဘာ့အမွေနှစ် စာရင်းကို တင်သွင်းနိုင်ဖို့ အတွက် ဆောင်ရွက်သွားရန် လျာထားပြီး ဖြစ်ပါတယ်ရှင့်။ နောက် အထက်ပါလုပ်ငန်းစဉ်များအတွက် ရည်မှန်းချက်များဆောင်ရွက်နေမှုမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မိမိတို့ ယဉ်ကျေးမှု အမွေအနှစ်များကို အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ပြီးတဲ့နောက်မှာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ရေး ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်တက်စေခြင်း၊ ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်ဖြစ်သည်နှင့်အညီ အမွေအနှစ်များ ရေရှည်ကြံ့ခိုင်စေရေးအတွက် ပိုမိုထိရောက် သည့် နည်းပညာအကူအညီများ ရရှိခြင်း၊ ငွေကြေးအကူအညီများ ပိုမိုရရှိစေခြင်း၊ အမျိုးဂုဏ် ထိန်းသိမ်းလျက် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံအတွက် ဝင်ငွေ တိုးတက်လာစေပြီးတော့ ဒေသခံ အခြေခံလူတန်းစားများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုတိုးတက်စေရေး စသည်တို့ကို ကျွန်မတို့ ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက်နေပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူ များအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇)တင်ပြပြီး အတိုးနှုန်း သက်သာစွာ ချေးငွေထုတ်ချေးပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများအားလည်း ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် က သမဝါယမ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇)တင်ပြပြီး အတိုးနှုန်း သက်သာစွာ ချေးငွေထုတ်ချေးပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများအားလည်း ထုတ်ချေး ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖိုးဇော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးမယ့် မေးခွန်း

ကတော့ သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇) တင်ပြပြီး အတိုးနှုန်း သက်သာစွာ ချေးငွေထုတ်ချေးပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမား များအားလည်း ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သမဝါယမ ဆိုတာ ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက သိရှိထားတဲ့ အနေအထားဟာ သမ ဆိုတာဟာ ရောနှောခြင်း၊ ဝါယမ ဆိုတာ အားစိုက်ထုတ်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သမ ပူးပေါင်း၍ အားစိုက် ထုတ်ခြင်းဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။ ကျွန်တော်တို့ သမဝါယမ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ စီမံခန့်ခွဲမှုဖြင့် အလွှာအသီးသီးကို နိုင်ငံတကာ ချေးငွေများရယူပြီးတော့ ဆောင်ရွက် နေခြင်းဟာလည်း အင်မတန်မှ ကောင်းမွန်တဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက် တစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်ရော၊ ဝန်ကြီးဌာနအတွက်ပါ ပြည်သူလူထုအလွှာအသီးသီးအတွက်ပါ တန်ဖိုးရှိတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ နိုင်ငံတော်မှာ ဒီနေ့ တွေ့ကြုံရတဲ့ အနေအထား ပြန်ကြည့်မယ်ဆိုရင် သက်ဆိုင်ရာ ကုန်သည်၊ လုပ်ငန်းရှင်ကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံတော်၊ ပုဂ္ဂလိက၊ ကမ္ဘာ့ ဘဏ်အသီးသီးကနေပြီးတော့မှ ချေးငွေထုတ်ချေးပြီး ရင်းနှီးမတည်မှုနဲ့ ဆောင်ရွက်နေတာဟာ နိုင်ငံတော်အတွက် အကျိုးရှိသလို စက်ရုံ၊ အလုပ်ရုံများအတွက်လည်း တိုးချဲ့ ဆောင်ရွက်နိုင်တာဟာ အင်မတန်မှ တန်ဘိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ တောင်သူလယ်သမားများအား ယနေ့ မြန်မာနိုင်ငံတော်မှာ တောင်သူ သမားများရဲ့ လိုအပ်ချက်ဖြစ်တဲ့ ချေးငွေများနဲ့ပတ်သက်လို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူ တစ်ဦးလျှင် (၁၀) ဧက (၁၀)သိန်းနှုန်းဖြင့် တိုးမြှင့်ချေးထားတဲ့ အခြေအနေရှိသလို သမဝါယမဝန်ကြီး ဌာနရဲ့ စီမံခန့်ခွဲမှုဖြင့် ကျွန်တော်တို့ တောင်သူတစ်ဦးကို ကျပ်(၁)သိန်းနှုန်းဖြင့် ဝိုင်းကြီးချုပ်စနစ်ဖြင့် ထုတ်ချေးနေတာဟာလည်း ကျွန်တော်တို့ တောင်သူများအတွက် အင်မတန် အကျိုးရှိတယ်။ နိုင်ငံအတွက်လည်း အကျိုးရှိတယ်ဆိုတဲ့ လုပ်ငန်းစဉ် (၁)ရပ် ဒုတိယတစ်ချက်ဖြစ်ပါတယ်။ သို့သော် ငြားလည်း ကျွန်တော်တို့ ဒီနေ့ အလွှာအသီးသီးမှာရှိတဲ့ အခြေခံလူတန်းစားများ ဖြစ်တဲ့ အလုပ်သမား လူတန်းစားများအနေနဲ့ နိုင်ငံတော် ဘဏ်အသီးသီး၌ ထုတ်ချေးနိုင်ခြင်း မရှိ၊ သမဝါယမဝန်ကြီးဌာန စီမံခန့်ခွဲမှုဖြင့် သမဝါယမ အသင်းစုများမှ ထုတ်ချေးတဲ့ ငွေကြေးများ တွက်ကြည့်တော့လည်း လစ်ဟာမှု ရှိနေတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ အလုပ်သမားများရဲ့ အခြေအနေကို ပြန်ကြည့်မယ်ဆိုရင်တော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြန်ကြည့်မယ်ဆိုရင်တော့ စက်ရုံ/အလုပ်ရုံ အလုပ်သမားများရဲ့ အရေးကဏ္ဍသည် ကျွန်တော်တို့ နိုင်ငံတော်မှနေ၍ လိုအပ်သလို ပံ့ပိုး ဖြည့်ဆည်းပေးနေတာလည်း မျက်ဝါးထင်ထင် မြင်ရသလို အင်မတန်မှလည်း ဝမ်းသာစရာဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ လက်လုပ်လက်စား အလုပ်သမားများဟာ ပြန်ကြည့်မယ်ဆိုရင် စက်ရုံ အလုပ်သမား များဟာ သုံးပုံတစ်ပုံလောက်ရှိပြီးတော့ တကယ် သုံးပုံ နှစ်ပုံလောက်ဟာ အခြေခံမှာကျတဲ့ ကျွန်တော် တို့ မြို့နေတောရွာပြည်သူလူထုရဲ့ အခြေခံလူတန်းစားများဖြစ်ပါတယ်။ ဥပမာတစ်ခု ကျွန်တော်တို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ မြို့နယ်အဆင့်ရဲ့ (ခ) မြို့နယ်အဆင့် ဖြစ်ပါတယ်။ စက်ရုံ/အလုပ်ရုံ မရှိပါဘူး။ မရှိသော်ငြားလည်း ကျွန်တော်တို့ လက်လုပ်လက်စားသမား ပြန်ကြည့် မယ်ဆိုရင် ဆိုင်ကယ်ကယ်ရီ၊ စက်ဘီးကယ်ရီ ကျွန်တော်တို့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်သမား များလည်း ရှိပါတယ်။ အဲဒီအလွှာအသီးသီးဟာဆိုလို့ရှိရင်လည်း ထောက်ပံ့မှု ကင်းမဲ့နေတဲ့ အနေ

အထား ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ကျွန်တော်တို့ (၃) နှစ်လောက်က ပြန်ကြည့်မယ်ဆိုရင် ဈေးသမဝါယမ အသင်းကို ဖွဲ့စည်းပေးလိုက်တယ်။ လက်လုပ်လက်စား ခေါင်းရွက်ဗျပ်ထိုးသမား များကို ကျွန်တော်တို့ ဈေးမယ်ဆိုတဲ့ သမဝါယမအသင်းလေး တစ်သင်းကို တည်ထောင်ပါတယ်။

သို့သော်ငြားလည်း တစ်နှစ်လောက်ကာလမှာ ကျွန်တော်တို့ ဒါ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ ပုံမှန်အခြေအနေမရှိဘူးဆိုပြီးတော့ ကော်မတီကနေပြီးတော့ သုံးစွဲလိုက်တဲ့ အနေအထား တွေ့ရှိရတာ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော်တို့ ဈေးသမား ပြန်ကြည့်မယ်ဆိုရင် သုံးဘီး၊ ဆိုင်ကယ်၊ ကားများထုတ်တဲ့အခါမှာလည်း လက်လုပ်လက်စားတွေဆီ မရောက်ဘဲနဲ့ ကော်မတီများကနေပြီးတော့ ထုတ်ပြီးတော့ ရောင်းစားလိုက်တဲ့ အခြေအနေဖြစ်လို့ ဆပ်ရမယ့်အချိန် မပြေလည်တဲ့အခါမှာ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို တရားစွဲဆိုရမယ့်အဆင့်နဲ့ ဝိုင်းဝန်းဖြေရှင်းလိုက်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကလည်း သာဓက တစ်ခုဖြစ်ပါတယ်။ ဒါကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့က သမဝါယမဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြို့နယ်သမအသင်းစုများအနေနဲ့ မိမိတို့လက်အောက်မှာ ဦးဆောင်စီမံခန့်ခွဲမှုနဲ့ ဆောင်ရွက်နေတဲ့ အသင်းစုများရဲ့ ကော်မတီဖွဲ့စည်းရာမှာလည်း ပြန်လည်ပြီးတော့ သုံးသပ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အလေးအနက်ကျွန်တော်တင်ပြလိုပါတယ်။ ဒါဟာ ပြန်ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ ဒီနေ့ အခြေခံလူတန်းစားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရမယ့် တာဝန်ခံ၊ တာဝန်ယူမှုတွေဟာ အောက်ခြေမှာ လစ်ဟာမှုရှိနေသေးတယ်လို့ ဝန်ကြီးဌာနတွေကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်အသိပေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ တောင်သူလယ်သမားများအတွက် လယ်ယာသုံးပစ္စည်း သမဝါယမဝန်ကြီးဌာနက ရောင်းချလျက် ရှိပါတယ်။ ရှိတဲ့နေရာမှာ ကျွန်တော်တို့ လယ်ထွန်စက်များ ကျွန်တော်တို့ ရောင်းစားတဲ့နေရာမှာ သိန်း(၂၈၀)နဲ့ ကျွန်တော်တို့ ထုတ်ချေးပါတယ်။ (၆) ရစ်ဆပ် စနစ်ပါ။ အဲဒီလို ထုတ်ချေးတဲ့အခါမှာ (၃) ရစ်ကို ဆပ်ပြီးတော့ ကျန်တဲ့ဟာကို ပေးဆပ်ရန် ကျွန်တော်တို့ (၃) ရစ်ဆပ်၊ (၆) ရစ်ဆပ် စနစ်နဲ့လုပ်တဲ့အခါမှာ တောင်သူများ ထုတ်ချေးနိုင်ခြင်း မရှိပါဘူး။ ထုတ်ယူနိုင်ခြင်း မရှိပါဘူး။ နောက်ဆုံးတော့လည်း ကျွန်တော်တို့ လုပ်ငန်းရှင်များ လက်ထဲရောက်သွားတာ တွေ့ရပါတယ်။ အဲဒီတော့ မော်တော်ယာဉ်ကားများ ကျွန်တော်တို့ လုပ်တဲ့အခါမှာလည်း အဆင့်ဆင့် မြေသယ်ကား၊ ကျောက်သယ်ကား အမျိုးမျိုး သုံးတဲ့အခါမှာလည်း လုပ်ငန်းရှင်များလက်ထဲသာ ရောက်သွားပြီးတော့ တကယ်လုပ်နိုင်တဲ့သူဆီ မရောက်ဘူး။ ဒါဟာ ဘာကြောင့်လဲဆို သမဝါယမအသင်းစုများမှာ တာဝန်ရှိသူများ ပုဂ္ဂိုလ်များဟာ အောက်ခြေမှာရှိတဲ့ ပြည်သူအလွှာအသီးသီးကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း၊ ပညာပေးခြင်း ကျွန်တော်တို့ ဒါ ဆောင်ရွက်နိုင်ခြင်း မရှိဘဲနဲ့ မိမိတို့ရဲ့ လက်သင့်ရာ ဒါကျွန်တော်တို့ တိုးတိုးတိတ်တိတ် လုပ်ရတဲ့ အပိုင်းရှိပါတယ်။ ဥပမာတစ်ခု ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော် တင်ပြပါရစေ။ ကျွန်တော်တို့ ဒီနေ့ ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသား တောမထွက်ခင်မှာ ပဉ္စဝဂ္ဂီ (၅) ဦးနဲ့ ကျွန်တော်တို့ ကတိပြုထားတာ ရှိပါတယ်။ မင်းကနေပြီးတော့ အရင်ဆုံး ဘုရားဖြစ်မယ်ဆိုလည်း အရင်ဆုံး တို့ကို တရားဟောရမယ်။

**ဥက္ကဋ္ဌ။** ။ မသက်ဆိုင်တာတွေမပြောပါနဲ့။ ကိုယ်မေးရမယ့် မေးခွန်းကိုပဲ မေးပါ။ ဘာသာရေးနဲ့ပတ်သက်လို့ ဒီမှာ မပြောပါနဲ့။

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)** ။ ။ ဒီဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် အောက်ခြေမှာမသိတဲ့အတွက်ကြောင့်မိုလို့ ကျွန်တော်တို့ အခြေခံလူတန်းစားများရဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခြေခံလူတန်းစားများဟာ မိမိတို့ရဲ့ လိုအပ်ချက်ဖြစ်တဲ့ အတိုးနှုန်း သက်သာစွာဖြင့် ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးရမယ့် ငွေကြေးကို ချေးခွင့်ပြုဖို့ တင်ပြလာခဲ့တဲ့အတွက်ကြောင့်မို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြလိုသည်မှာ တောင်သူလယ်သမားများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇) ပေးထားပြီး ချေးငွေ ထုတ်ချေးပေးတဲ့ အနေအထားအပေါ်မှာ ကျွန်တော်တို့ ဒါ လက်လုပ်လက်စားများအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးရန် အစီအစဥ်ရှိ/မရှိ နှင့်ပတ်သက်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကျွန်တော် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဦးသန်းထွန်း (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမ ဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ပြည့်ပြည့်စုံစုံ ဖြေကြားရမှာဖြစ်လို့ အချိန်(၁၀)မိနစ်ခန့် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူ များအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇)တင်ပြပြီး အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ချေး ပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများအားလည်း ထုတ်ချေး ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနဟာ နိုင်ငံတော်မှ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဥ် (၈)ရပ်မှာ ပါဝင်တဲ့ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဦးတည်ချက် (၂)ရပ်နဲ့ လုပ်ငန်းစဥ် (၅)ရပ် ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းဟာ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းစဥ် (၅)ရပ်ရဲ့ အခြေခံဖြစ်ပါတယ်။

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကတော့ အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လက်တလော သက်သာချောင်ချိမှု ရရှိစေရေးသာမကဘဲ နောင် (၄) ၊ (၅) နှစ်ကြာတဲ့အခါမှာ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာ ရပ်တည်လာနိုင်အောင် Self Reliance ဖြစ်အောင်နဲ့ ၎င်းမှတစ်ဆင့် စဥ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာအောင် Sustainable Development ဖြစ်အောင်အထိပါ မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ပြီး သမဝါယမအသေးစား အရင်းအနှီးချေးငွေ Cooperative Micro Capital Loan များကို ဌာနဆိုင်ရာ သမဝါယမအသင်း၊ ရပ်ကွက်၊ ကျေးရွာသမဝါယမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစားချေးငွေ သမဝါယမ အသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ မွေးမြူရေးလုပ်ငန်း သမဝါယမအသင်း နဲ့ စက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းများကို ထုတ်ချေးဆောင်ရွက် ပေးလျက်ရှိပါတယ်။ သမဝါယမအသင်းများ အသင်းသား၊ ပြည်သူများကို အသေးစားချေးငွေ ထုတ်ချေးနိုင်ရန်အတွက် လိုအပ်တဲ့ ရင်းနှီးမတည်ငွေများကို သမဝါယမအသင်းများရဲ့ စုဆောင်းငွေများဖြင့်လည်းကောင်း၊ အသင်းအချင်းချင်း ပံ့ပိုးငွေများဖြင့်လည်းကောင်း၊ အသင်းပိုင်ပစ္စည်းများကို သမဝါယမဘဏ်မှာ အာမခံထား၍လည်းကောင်း၊ China EXIM Bank ထံမှ ချေးငွေ အမေရိကန် ဒေါ်လာ သန်း (၁၀၀) နဲ့ ညီမျှသော မြန်မာငွေ ကျပ်သန်း (၉၇၀၈၉.၃၇၂) သန်းကို ချေးယူ၍လည်းကောင်း ရယူပြီးတော့ သမဝါယမဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုဖြင့် ယနေ့အချိန်ထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၅) ခု၊ မြို့နယ် (၃၀၇) မြို့နယ်၊ ကျေးရွာအသင်းပေါင်း (၂၃၁၀၂)သင်း၊ အသင်းသားမိသားစုပေါင်း (၁၉၄၉၄၅၀) ဦးတို့ ငွေကျပ်သန်းပေါင်း (၂၀၀၉၂၁.၂၀၅) ဘီလီယံကျော်ကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ရပ်ကွက်၊ ကျေးရွာ ငွေစု သမဝါယမအသင်း၊ ဈေးသမဝါယမအသင်းနဲ့ အသေးစားငွေစုငွေချေးသမဝါယမအသင်းများဟာ လယ်ယာပိုင်ဆိုင်မှုမရှိတဲ့ လက်လုပ်လက်စား သမဝါယမအသင်းသားများ၊ ဆိုင်ခန်းပိုင်ဆိုင်မှုမရှိတဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊ ရပ်ကွက် အတွင်းမှာရှိတဲ့ မိမိနေအိမ်မှာ တစ်ပိုင်တစ်နိုင် ဈေးရောင်းသူများ၊ ဆိုက်ကား၊ မြင်းလှည်းမောင်းသူများကို ဆန္ဒတူသူများဖြင့် ဝိုင်းကြီးချုပ် အဖွဲ့ငယ်များ ဖွဲ့စည်းစေပြီးတော့ သမဝါယမ အသင်းများ ဖွဲ့စည်း၍ ငွေစုငွေချေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၎င်းအသင်းများအား ချေးငွေ ထုတ်ချေးပေးရာမှာ နိုင်ငံခြားမှ ရယူတဲ့ချေးငွေများဖြင့် ထုတ်ချေးပေးရန် အကျုံးမဝင်သဖြင့် သမဝါယမအသင်းသားများ၏ စုဆောင်းငွေများဖြင့်လည်းကောင်း၊ အသင်းအချင်းချင်း ပံ့ပိုးငွေများဖြင့်လည်းကောင်း၊ အသင်းပိုင်ပစ္စည်းများကို သမဝါယမဘဏ်မှာ အာမခံထား၍လည်းကောင်း၊ ရယူတဲ့အရင်းအနှီးမတည်ငွေများမှ ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယနေ့အချိန်ထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် (၁၅)ခုမှာ လယ်ယာပိုင်ဆိုင်မှု မရှိသော်လည်းပဲ အထက်အပိုဒ်(၄)ပါအတိုင်း စနစ်တကျဖွဲ့စည်းထားသော သမဝါယမအသင်းများအား အသေးစား အရင်းအနှီးချေးငွေ ထုတ်ချေးပေးထားမှု အခြေအနေမှာ ရပ်ကွက်၊ ကျေးရွာ ငွေစုငွေချေး သမဝါယမအသင်းများကို မြို့နယ်(၉၉)မြို့နယ်မှာရှိတဲ့ အသင်းပေါင်း (၅၄၇)သင်းမှ အသင်းသားပေါင်း (၄၃၇၃၅) ဦးအား ထုတ်ချေးငွေကျပ်သန်းပေါင်း (၆၅၁၆.၆၂၃) ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။ ဈေး သမဝါယမအသင်းများကို မြို့နယ် (၂၄၅) မြို့နယ်မှာရှိတဲ့ အသင်းပေါင်း (၃၅၄)သင်းမှ အသင်းသား ပေါင်း (၄၆၆၆၄) ဦးအား ထုတ်ချေးငွေ ကျပ်သန်းပေါင်း (၁၂၆၉၅.၅၃၄) သန်းကို ထုတ်ချေးပေးထားပြီးဖြစ်ပါတယ်။ အသေးစား ငွေစု၊ ငွေချေး သမဝါယမအသင်းများကို မြို့နယ် (၁၂၆)

မြို့နယ်မှာရှိတဲ့ အသင်းပေါင်း (၈၄၈) သင်းမှ အသင်းသားပေါင်း (၉၈၇၆၅) ဦးအား ထုတ်ချေးငွေ ကျပ်သန်းပေါင်း (၇၂၂၃.၄၂၅)ကို ထုတ်ချေး ပေးထားနိုင်ခဲ့ပါတယ်။ အသင်းသား တစ်ဦးချင်းကို ထုတ်ချေးပေးတဲ့ ပမာဏကတော့ အသင်းသား စုဆောင်းငွေရဲ့ သုံးဆ ထုတ်ချေးပေးခြင်း၊ အသင်းသားရဲ့ တစ်နေ့ ဝင်ငွေအပေါ် မူတည်ပြီး ငွေကျပ် (၃၀၀၀၀၀)၊ (၅၀၀၀၀၀) မှ ငွေကျပ် (၁၀၀၀၀၀၀)အထိ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သမဝါယမဝန်ကြီးဌာနဟာ သမဝါယမ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအရင်းအနှီး မတည်ငွေ ရရှိမှုအပေါ်မှာ မူတည်ပြီး အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းကို ၂၀၁၅ ခုနှစ်ကုန်မှာ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ကျေးရွာအားလုံးကို လွှမ်းခြုံမိအောင်တိုးချဲ့ ဆောင်ရွက်သွားရန်နဲ့ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရန် အတွက် အသေးစားအရင်းအနှီးချေးငွေကို အိမ်ထောင်စု၊ မိသားစု တစ်စုလျှင် ကျပ် တစ်သိန်းမှ နှစ်သိန်း၊ သုံးသိန်း၊ လေးသိန်း၊ ငါးသိန်းအထိ စသည့် နှုန်းများအတိုင်း တိုးမြှင့် ထုတ်ချေးပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပေးဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များရဲ့ စီမံပေးမှုဖြင့် မြို့နယ်အဆင့် ချေးငွေစစ်ဆေးရေးအဖွဲ့တို့ကို မြို့နယ်သမဝါယမမှ ဦးစီးအရာရှိ သို့မဟုတ် ဦးစီးမှူး တစ်ဦး မြို့နယ်သမဝါယမမှ ဦးဆောင်တစ်ဦး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးနဲ့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းစေပြီး အောက်ပါသတ်မှတ်တဲ့ Criteria များနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

(၁) ကုန်ထုတ်လုပ်ငန်းဖြစ်ရပါမယ်။ ဥပမာ - စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အိမ်တွင်း ကုန်ထုတ်လုပ်ငန်းမျိုး (၂) စိုက်ပျိုးရေးဆိုပါက လယ်ယာ၊ ဥယျာဉ်၊ ခြံပိုင် ဖြစ်ရပါမယ်။ မွေးမြူရေး ဆိုပါက လက်ရှိမွေးမြူနေသူ၊ လက်ရှိမွေးမြူခြင်း မဟုတ်သော်လည်းပဲ တကယ်မွေးမြူမယ့်သူ လက်ရှိ အိမ်လုပ်ငန်း၊ အိမ်တွင်းလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ပြီး အမှန်တကယ် အရင်းအနှီး လိုအပ်နေသူ ဖြစ်ရမယ်။ (၃) လယ်ယာမြေ မပိုင်ဘဲနဲ့ အငှားလုပ်ကိုင်နေသော လယ်သမားများကိုလည်း ထုတ်ချေး ပေးနိုင်တယ်။ (၄) လယ်ယာ တစ်ဧကအတွက် ကျပ် တစ်သိန်းနှုန်းဖြင့် လယ်ယာပိုင်ဆိုင်မှုနဲ့ ၎င်းရဲ့ လိုအပ်မှု၊ ကြိုးစားမှု၊ ဖြစ်နိုင်ခြေရှိမှုတို့အပေါ်မှာ မူတည်ပြီးတော့ ကျပ် ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေး ပေးနိုင်တယ်။ (၅) မွေးမြူတဲ့ တိရစ္ဆာန်အမျိုးအစား အရေအတွက်နဲ့ ၎င်းရဲ့လိုအပ်မှု၊ ကြိုးစားမှု၊ ဖြစ်နိုင်ခြေရှိမှုတို့ အပေါ်မှာ မူတည်ပြီး ကျပ်ငါးသိန်းအထိ တိုးမြှင့် ထုတ်ချေးပေးနိုင်တယ်။ (၆) အိမ်တွင်း လုပ်ငန်း ဆိုပါကလည်း ၎င်းရဲ့လိုအပ်မှု၊ ကြိုးစားမှု၊ ဖြစ်နိုင်ခြေရှိမှုတို့အပေါ်မှာ မူတည် ပြီးတော့ ကျပ် ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးနိုင်ပါတယ်။ (၇) ချေးငွေစာချုပ်အတွင်း လယ်၊ ယာ၊ အိမ်၊ မြေ စသည်တို့ကို အာမခံထားပြီး ဝိုင်းကြီးချုပ်အဖွဲ့ဝင်များက အာမခံလတ်မှတ် ရေးထိုးပြီး သမဝါယမဦးစီးဌာနမှလည်း တာဝန်ခံရမယ်။ (၈) ထိုသို့ဆောင်ရွက်တဲ့နေရာမှာ သမဝါယမ အသင်းသားများ၊ ရွာသူ/ရွာသားများရဲ့ ညီညွတ်သော ဆန္ဒများနဲ့ တစ်သင်းလုံး၊ တစ်ရွာလုံးရဲ့ အာမခံ နိုင်မှုအပေါ်မှာ အခြေခံပြီး ချေးငွေစိစစ်ရေးအဖွဲ့က စံပြအသင်း၊ စံပြကျေးရွာအဖြစ် သတ်မှတ်ကာ ဦးစားပေး ထုတ်ချေးခြင်းကိုလည်း ပြုလုပ်နိုင်တယ်။ (၉) အသင်းရဲ့ လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေနဲ့ ပတ်သက်၍ အမှန်တကယ် အလုပ်လုပ်နေတဲ့ အသင်းဖြစ်ပြီး အရင်းအနှီး ချေးငွေများတိုးမြှင့်ထုတ်ချေးပါက အမှန်တကယ် ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အလားအလာ ရှိသော အသင်း

မျိုး ဖြစ်ရမယ်။ (၁၀) အသင်းအမှုဆောင်အဖွဲ့ဟာ အသင်းရဲ့ အကျိုးစီးပွားကို လိုလားပြီး စိတ်ဓာတ် ကောင်းမွန်ရမယ်။ (၁၁) အသင်းရဲ့အကျိုးစီးပွားကို ဖော်ဆောင်ရာမှာ အသင်းသားများ အားလုံးသည် စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းဆောင်ရွက်နေသောအသင်း ဖြစ်ရမယ်။ (၁၂) ချေးငွေရယူမယ့် အသင်း၊ အသင်းသားများဟာ နာမည်ပျက်မရှိသော အသင်း၊ အသင်းသားဖြစ်ရမယ်။ (၁၃) ချေးငွေ များအား သတ်မှတ်ထားသော ချေးငွေကာလပြည့်ပါက အရင်း၊ အတိုး အကြေပေးဆပ်နိုင်သော ယုံကြည်စိတ်ချရတဲ့ အသင်း၊ အသင်းသားများဖြစ်ရပါမယ်။ (၁၄) ချေးငွေများပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှု ဖြစ်ပေါ်လာခဲ့လျှင် ချေးငွေစာချုပ်မှာ ပါရှိတဲ့အတိုင်း ဝိုင်းကြီးချုပ်အဖွဲ့က ပေးအပ် စေခြင်း၊ အသင်းပိုင်၊ အသင်းသားပိုင် အာမခံ ထားရှိထားတဲ့ ပစ္စည်းများအား ထုခွဲရောင်းချ ခုနှိမ် ပေးလျော်စေခြင်းတို့ကို သိရှိလိုက်နာရမယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်မှာ သမဝါယမ အသင်းပေါင်း (၁၄၅) သင်း မှ အသင်းသားဦးရေ (၁၁၅၆၁) ဦးတို့ အသေးစားအရင်းအနှီးချေးငွေ ကျပ်သန်းပေါင်း (၉၆၈.၀၉၃) သန်းထုတ်ချေး ဆောင်ရွက်ထားရှိပြီးတော့ ကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေး၍ လက်လုပ်လက်စားများ ချေးငွေရရှိရေးကို အထက်မှာ တင်ပြခဲ့တဲ့ အတိုင်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ သမဝါယမဝန်ကြီးဌာနဟာ လယ်ယာပိုင်ဆိုင်မှုမရှိတဲ့ လက်လုပ် လက်စားများ၊ ဆိုင်ခန်းပိုင်ဆိုင်မှုမရှိတဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ရပ်ကွက်အတွင်းမှာရှိတဲ့ မိမိနေအိမ်မှာ တစ်ပိုင်တစ်နိုင်ဈေးရောင်းသူများ၊ ဆိုက်ကား၊ မြင်းလှည်းမောင်းသူများကို သမဝါယမ အသင်းဖွဲ့စည်းလိုပါက ၎င်းတို့ရဲ့ ဆန္ဒအတိုင်း သမဝါယမအသင်းဖွဲ့စည်းစေလျက် အသေးစား အရင်းအနှီးချေးငွေထုတ်ချေးခြင်းကို ငွေကြေးအရင်းအနှီးရရှိမှုအပေါ်မှာ မူတည်ပြီး ဆောင်ရွက်ပေး လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးမြန်းချိန် (၁)နာရီ ကျော်ပြီဖြစ်သော်လည်း ဖြေကြားမယ့် ဒုတိယဝန်ကြီး အဆင်သင့် ဖြစ်တဲ့အတွက် ကျန်ရှိတဲ့ မေးခွန်း (၃)ခုကို ဆက်လက်ဆောင်ရွက်ပါမယ်။

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးမေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြောက်ဦးမြို့နယ်အတွင်းရှိ မြောက်ဦး-မဟာထီးရွာအထိ ကျေးလက်လမ်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး က မြောက်ဦးမြို့နယ်အတွင်းရှိ မြောက်ဦး-မဟာထီးရွာအထိ ကျေးလက်လမ်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်နဲ့ ကော်မရှင်အဖွဲ့ဝင်များ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၆၆၀၁ ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မြောက်ဦး-မဟာထီးရွာအထိ အရှည် (၇)မိုင်ရှိတဲ့ ကျေးလက်ချင်းဆက်လမ်း ကတ္တရာ အဆင့်မြှင့်တင်ခြင်းနဲ့ ကျောက်ချော လမ်းခင်းခြင်းနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်အတွင်းမှာ မြောက်ဦး - မဟာထီး ကျေးလက်လမ်းဟာ (၁၂)ပေအကျယ် (၇)မိုင် ရှည်လျားပါတယ်။ မြောက်ဦးကနေ ဘောင်းဒွတ်ရွာ၊ နဒင်ရွာ၊ ကုထိုးရွာ မောင်းဆွဲရွာနဲ့မဟာထီးရွာ (၅)ရွာ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက် လမ်း (၁)လမ်းဖြစ်ပြီးတော့ လမ်းနဲ့ အနီးပတ်ဝန်းကျင်မှာလည်း သရက်တောရွာနဲ့ ဘော်ရွာ၊ ဈေးရွာများ တည်ရှိပါတယ်။ ၎င်းနယ်မြေမှာ ဘောင်းဒွတ်ရွာမှာ အိမ်ခြေ (၂၇၈)လုံး လူဦးရေ (၂၄၃၂)ယောက်၊ နဒင်ရွာမှာ အိမ်ခြေ(၇၆)လုံး၊ လူဦးရေ (၄၀၂)ယောက် ကုတိုးရွာမှာ အိမ်ခြေ (၂၅၃)လုံး၊ လူဦးရေ (၁၂၃၀)ယောက် မောင်းဆွဲရွာမှာ အိမ်ခြေ (၁၃၆)လုံး လူဦးရေ (၇၃၀)ယောက် မဟာထီးရွာမှာ အိမ်ခြေ (၈၅)လုံး လူဦးရေ (၄၈၄)ယောက် လမ်းဘေးအနီး ပတ်ဝန်းကျင်ရွာတွေ ဖြစ်တဲ့ သရက်တော ရွာမှာ အိမ်ခြေ (၁၁၉)လုံး လူဦးရေ (၆၄၄)ယောက် ဘော်ရွာ၊ ဈေးရွာမှာ အိမ်ခြေ (၉၈)လုံး လူဦးရေ (၄၇၄) ယောက် စုစုပေါင်း အိမ်ခြေ (၁၀၄၅)လုံးနဲ့ လူဦးရေ (၆၃၉၆)ယောက် ရှိကြောင်းကိုလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်းက မြောက်ဦးမြို့မှ ဘောင်းဒွတ်ရွာအထိ မြို့အဝင်ကနေ (၃)မိုင်အရှည် လမ်းကတော့ ၂၀၀၀ ပြည့်နှစ်မှာ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေကနေပြီးတော့ ကတ္တရာခင်း ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အခုခါမှာတော့ ဒီလမ်းက နှစ်ကြာတဲ့အတွက် ကြောင့်မို့လည်းကောင်း မော်တော်ကားများ၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် စတဲ့ ယာဥ်သွားလာမှုများ များပြားတဲ့အတွက်ကြောင့်လည်းကောင်း၊ ရာသီဥတု ဒဏ်ကြောင့်လည်းကောင်း လမ်းသားတွေ ပျက်စီးပြီးတော့ ချိုင့်တွေ ဖြစ်နေတယ်။ ကတ္တရာလမ်းအချို့ ပျောက်ပျက်နေပြီးတော့မှ ကျောက်ကြမ်း လမ်းအဆင့်သာ ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဘောင်းဒွတ်ရာကနေတစ်ဆင့် မဟာထီးရွာ အထိကတော့ (၄)မိုင် မြေသားလမ်း အဆင့် ဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာချင်းဆက်လမ်းတွေက နွေရာသီမှာသာ သွားလာဖို့ လွယ်ကူပြီးတော့မှ မိုးရာသီမှာ ရွှံ့တွေ ရေတွေ သွားလာရ ခက်ခဲကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် လမ်းတစ်လျှောက် ကျေးရွာများမှ ကျောင်းသားတွေအနေနဲ့လည်း အထက်တန်းပညာရေးကိုတော့ မြောက်ဦးမြို့ကို လာပြီးတော့ တက်ရပါတယ်။ အလယ်တန်းကျောင်းပညာရေးကိုတော့ ဘောင်းဒွတ်ရွာမှာရှိတဲ့ မူလတန်းလွန် ကျောင်းကို လာရောက်တက်တဲ့အကြောင်း သိရှိရပါတယ်။ ကျေးရွာလူထုအနေနဲ့ ကျန်းမာရေး ဆေးကုသမှုအတွက်လည်း မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကိုသွားရောက်ပြီးတော့မှ ဆေးကုသမှု ခံယူကြရပါတယ်။ ဒေသထွက်ကုန်တွေ ဖြစ်တဲ့ ဆန်စပါး၊ ကွမ်းသီး ရာသီသီးနှံတွေကိုလည်း မြောက်ဦးမြို့ကိုပဲ သွားပြီးမှ ရောင်းချပါတယ်။ ထို့နည်းအတူပဲ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ စားသောက်ကုန် ပစ္စည်းတွေကိုလည်း မြောက်ဦးကပဲ ပြန်လည်ဝယ်ယူသုံးစွဲတဲ့အတွက် ဒီလမ်းကိုပဲ အားထားပြီးတော့ သုံးနေရပါတယ်။

ဒါ့အပြင် မြောက်ဦး မြို့နယ်ရဲ့ တောင်ဘက်မှာရှိတဲ့ ကျေးရွာတွေကလည်း ဒီလမ်းကိုပဲ အဓိကထား အသုံးပြုလျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ မြောက်ဦးမြို့နယ်ဟာ ခရိုင်မြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းထားပြီးတော့မှ မြို့ ဖွံ့ဖြိုးသာယာလှပရေးနဲ့ တိုးတက်ရေး အဆင့်မီရေး ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေးတွေကို လမ်းတွေ အဆင့်မြှင့်တင်ခြင်းများ ကိုလည်း အပါအဝင် ကဏ္ဍပေါင်းစုံ ဆောင်ရွက်ပေးနေတာကိုလည်း တွေ့ရှိရပါတယ်။ ထို့နည်းတူပဲ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မြောက်ဦး-မဟာထီးကျေးလက်လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက် ပေးခြင်းဖြင့် မြို့ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ၎င်းနယ်မြေမှာရှိတဲ့ အိမ်ခြေ (၁၀၄၅)လုံးနဲ့ လူဦးရေ (၆၃၉၆)ဦး တို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ စည်ပင်ဖွံ့ဖြိုးမှုများ ရရှိလာမယ်လို့ ယူဆရပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဦးကနေ ဘောင်းဒွတ်ရွာအထိ (၃)မိုင်ကို ကတ္တရာလမ်းအဆင့် မြှင့်တင်ပေးဖို့နဲ့ ဘောင်းဒွတ်ကနေ မဟာထီးရွာအထိ (၄)မိုင်ကို ကျောက်ချော လမ်းအဆင့် ခင်းပေးနိုင်ခြင်း ရှိ/ မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီမြို့နယ်၊ သကျက်(၆)မိုင်ကျေးရွာမှ လငုကျေးရွာ၊ တောင်ဘိန်းကျေးရွာ၊ ဂဏန်းကွင်းကျေးရွာ အထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် က တနင်္သာရီမြို့နယ်၊ သကျက်(၆)မိုင်ကျေးရွာမှ လငုကျေးရွာ၊ တောင်ဘိန်းကျေးရွာ၊ ဂဏန်းကွင်းကျေးရွာ အထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ တနင်္သာရီမြို့နယ်၊ သကျက်(၆)မိုင်ကျေးရွာမှ လငုကျေးရွာ၊ တောင်ဘိန်းကျေးရွာ၊ ဂဏန်းကွင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စုက (၆)မိုင် ကျေးရွာကနေပြီးတော့ ဂဏန်းကွင်းကျေးရွာအထိကို ကျေးရွာချင်းဆက်လမ်းဟာ (၅)မိုင် ကျော်ကျော်ခန့် ရှည်လျားတဲ့ မြေသားလမ်း ဖြစ်ပါတယ်။ ဒီလမ်းကို မြေသားလမ်း ဖြစ်တာနဲ့အညီ မိုးရွာသီ ကျလို့ရှိရင် ဗွက်အိုင်များ ထပြီး အင်မတန် ဆိုးဝါးနေတဲ့ လမ်းဖြစ်ပါတယ်။ နွေရာသီမှာသာ သွားလာလို့ရသော်လည်း ဒီဒေသတွေမှာနေတဲ့ ဒေသခံ ပြည်သူ (၃၀၀၀)ကျော်ဟာ တနင်္သာရီမြို့နဲ့ ဆက်သွယ်ပြီး စီးပွားရေး လုပ်ငန်းများ လူမှုရေးကိစ္စများ အဝဝ ဆောင်ရွက်တဲ့အပြင် ကျောင်းသားလေးများ ကျောင်းတက်ရင်လည်းပဲ ဒီလမ်းကိုပဲ အသုံးပြုရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ကို သုံးခွင့်ပြုဖို့ တောင်းဆိုလိုပါတယ်။ ပုံမှာ တွေ့ရတဲ့ အတိုင်းပဲ မြေသားလမ်းဖြစ်တော့ မိုးရာသီဖြစ်တဲ့အတိုင်း ချိုင့်ခွက်ကြီးတွေ ပေါ်ပြီးတော့ သွားလာရတာ အင်မတန်မှ အခက်အခဲ ဖြစ်ရပါတယ်။ ပုံမှာ မြင်တွေ့ရတဲ့ပုံဟာ သကျက်(၆)မိုင်က ဝင်တဲ့လမ်းအစ ဖြစ်ပါတယ်။ အတွင်းထဲကို ထပ်ဝင်သွားမယ်ဆိုရင် ဒီထက် ဒီထက် ဆိုးတဲ့ လမ်းတွေ ဖြစ်နေတာဟာ (၂)မိုင်ကျော်ကျော်ခန့်အထိဟာ ဒီလိုပုံစံနဲ့ပဲ ခရီးသွားပြည်သူတွေ ပုဆိုးစွန်တောင်ဆွဲ ဖိနပ်ကို တစ်ဖက်ကိုင်နဲ့ အင်မတန်ကို သွားလာရခက်ခဲတဲ့ မြေသားလမ်းဖြစ်နေပါတယ်။ အဲဒီတော့ ဒီလမ်းကြီးကို မိုးရာသီသာ မကဘဲနဲ့ နွေရော မိုးပါ ရာသီအားလုံး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ကို လမ်းအဆင့်မြင့်ပြီး ကျောက်ချောလမ်း ခင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကနေပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဉ်ကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက် လျာထားချက်မှာ ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ ဆိုတာကို ပြည်သူများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လင့်၊ တောင်ဘိန်းကျေးရွာ မိုးရာသီမြေသားလမ်း ပျက်စီးနေသည့်ပုံ (ထ)




**ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် တောင်ပေါ်ဒေသများ ဖြစ်သော ကျေးရွာအုပ်စု(၂)ခုနှင့် ဆက်သွယ်သော အေးချမ်းသာ လမ်းခွဲမှ စစ်ရင်ကျေးရွာသို့လည်းကောင်း၊ မယင်းကျေးရွာသို့ လည်းကောင်း ရာသီမရွေး သွားလာနိုင်ရေးအတွက် စီမံ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် က ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် တောင်ပေါ်ဒေသများဖြစ်သော ကျေးရွာအုပ်စု(၂)ခုနှင့် ဆက်သွယ်သော အေးချမ်းသာ လမ်းခွဲမှ စစ်ရင်ကျေးရွာသို့လည်းကောင်း၊ မယင်းကျေးရွာသို့လည်းကောင်း ရာသီမရွေး သွားလာ နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပုလဲမြို့နယ်ရဲ့ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်၍ ပုလဲမြို့နယ်ရဲ့ အဓိကကျတဲ့ တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသ အပိုင်း ဆက်သွယ်မှုလမ်းကြောင်း ကောင်းမွန်စေရေးတို့ကို ရွေးရှု၍ တင်ပြသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်ဟာ ဧရိယာ (၆၁၂.၇၉)စတုရန်းမိုင် ကျယ်ဝန်းပြီး တောင်ပေါ်ဒေသ ကျေးရွာ (၁၅)အုပ်စု မြေပြန့်ဒေသ ရပ်ကွက်အပါအဝင် (၄၆)အုပ်စုဖြင့် ဖွဲ့စည်းတည်ဆောက်ထားတဲ့ မြို့နယ်ဒေသ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဥ် (၅)ရပ်နဲ့အညီ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍနဲ့ပတ်သက်၍ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ပြည်ထောင်စုလွှတ်တော်က ခွဲဝေချထားပေးသော ရန်ပုံငွေများဖြင့်လည်းကောင်း မြို့နယ်ဒေသ စီမံခန့်ခွဲမှုလမ်းကြောင်းအရ သက်ဆိုင်ရာကျေးရွာအုပ်စုများနဲ့လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီအမံများဖြင့်လည်းကောင်း၊ လက်ရှိအနေအထားအရ ကျေးရွာချင်းဆက် လမ်းများနှင့် ဖွံ့ဖြိုးရေးလမ်းများအား အသီးသီးဆောင်ရွက်ထားတဲ့အပြင် ယခင် ဖောက်လုပ်ပြီးသား လမ်းများအား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအဆင့်ကို တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ရင်ကျေးရွာမှာ ပုလဲမြို့နယ်၏ နယ်စပ်ဒေသ ကနီမြို့နယ်နဲ့ နယ်နိမိတ် ပိုင်းခြားထားသော ကျေးရွာအုပ်စု ဖြစ်ပါတယ်။ အဆိုပါဒေသမှာ တောင်ပေါ်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းကြောင့် ပုလဲမြို့ ရုံးစိုက်ရာဒေသနှင့် ဆက်သွယ်မှု လမ်းကြောင်းများတွင်ဖြစ်စေ၊ အခြားပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ တွင်ဖြစ်စေ၊ အခက်အခဲများ ရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပုလဲမြို့နယ် နိုင်ငံတော်၏ အစီအစဥ်ဖြင့် လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြောက်ယမားဆည်နှင့် မြောက်ယမား ရေကူတမံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တောင်ပေါ်ဒေသ ကျေးရွာများအနေဖြင့် ဆည်ဘောင်လမ်းမှ တစ်ဆင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေပြီး အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်ခဲ့ခြင်း ကြောင့် ကျေးရွာအသီးသီး ကျေးရွာချင်းဆက်လမ်းများအား ဆည်ဘောင်လမ်းများမှတစ်ဆင့် ကူးလူး သွားလာ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

အထူးသဖြင့် မြောက်ယမားရေကူတမံနှင့် ဆက်သွယ်သော လမ်းအပိုင်းမှာ အခြေခံကျသော လမ်းဆုံမှာ အေးချမ်းသာလမ်းခွဲ ရှိပါတယ်။ အေးချမ်းသာလမ်းခွဲမှ မြောက်ယမား ရေကူတမံ၏ အချက်အခြာကျသော နေရာဖြစ်ပြီး ပတ်ဝန်းကျင်ဒေသများနှင့် ဆက်သွယ်မှု လမ်းကြောင်းကောင်းမွန်တဲ့အပြင် သက်ဆိုင်ရာကျေးရွာ အသီးသီး၏ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကို ဖြေရှင်းပေးနိုင်တဲ့ အဓိက ကျတဲ့ လမ်းဆုံလည်း ဖြစ်ပါတယ်။ အေးချမ်းသာလမ်းခွဲမှ (၁၀)မိုင်ခန့် ကွာဝေးတဲ့ စစ်ရင်ကျေးရွာမှာ အိမ်ခြေ (၂၄၀) လူဦးရေ (၁၂၅၀)ဦး နေထိုင်သော ဒေသဖြစ်ပါတယ်။ ယခင်က သွားလာမှု လွယ်ကူစေရေးအတွက် ကိုယ့်အားကိုယ်ကိုး နည်းလမ်းဖြင့် လည်းကောင်း၊ မြို့နယ်ဒေသ၏ အစီအစဥ်ဖြင့်လည်းကောင်း ပြုပြင်မွမ်းမံမှုများအပေါ် အခြေခံ၍ အဆိုပါလမ်းအား ရာသီမရွေး သွားလာနိုင်သော အဆင့်မြင့်လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မှာ ဖြစ်ပါတယ်။ အလားတူပဲ အေးချမ်းသာ လမ်းဆုံမှတစ်ဆင့် (၈)မိုင်ခန့် ကွာဝေးသော မယင်းကျေးရွာသို့ သွားလာသည့် လမ်းအပိုင်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆက်လက်တင်ပြလိုပါတယ်။ မယင်းကျေးရွာမှာ အိမ်ခြေ (၂၇၀)၊ လူဦးရေ (၁၄၆၅)ဦး နေထိုင်သော ဒေသဖြစ်ပြီး တောင်ပေါ်ဒေသ၏ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် ဆောင်ရွက်ခဲ့သည့်နည်းတူ မြောက်ယမား ရေကူတမံအေးချမ်းသာလမ်းဆုံမှတစ်ဆင့် မယင်းကျေးရွာသို့ ဆက်သွယ်သည့် လမ်းကြောင်းမှာ အရှည် (၈)မိုင်ခန့် ရှိခြင်းကြောင့် အဆိုပါလမ်း ဖောက်လုပ်

နိုင်ပါက မယင်းကျေးရွာအပြင် ပတ်ဝန်းကျင်ဒေသများဖြစ်တဲ့ ဘန့်ဘွေး၊ ခင်သာ စတဲ့ ကျေးရွာများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ အကျိုး သက်ရောက်မှု ဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် တောင်ပေါ်ဒေသများဖြစ်သော ကျေးရွာအုပ်စု(၂)စုနှင့် ဆက်သွယ်တဲ့ မြောက်ယမား ရေကူးတမံ လမ်းကြောင်းပေါ်ရှိ အေးချမ်းသာလမ်းခွဲမှ စစ်ရင်ကျေးရွာသို့လည်းကောင်း၊ အေးချမ်းသာ လမ်းခွဲမှ မယင်းကျေးရွာသို့လည်းကောင်း ရာသီမရွေး သွားလာနိုင်တဲ့ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ ကို သိရှိလို ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၂။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပထမဦးစွာ တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုး ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် မြောက်ဦး-မဟာထီး လမ်းဟာ အရှည် (၇)မိုင် ရှိပါတယ်။ မြောက်ဦးမြို့ကနေပြီးတော့ ဘောင်းဒွတ်ကျေးရွာအထိ ကတ္တရာ လမ်း (၃)မိုင် အဲဒီဘောင်းဒွတ်ကျေးရွာမှတစ်ဆင့် မဟာထီးကျေးရွာထိ မြေသားလမ်း (၄)မိုင် ရှိပါတယ်။ အဆိုပါ ကတ္တရာလမ်းဟာ ခင်းပြီးတော့ (၃)မိုင်နဲ့ ကျောက်ခင်းလမ်း (၄)မိုင်တို့ဟာ ကွန်ကရစ်တံတား (၁၀)စင်းလုံးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ ယခုနှစ်ပေါ့နော်၊ ယခုနှစ် ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။ အဲဒီမှာ ထပ်ပိုးလွှာ ခင်းပေးပါမယ်။ ပထမ ပျက်နေတဲ့ ကတ္တရာလမ်းကို ဒုတိယလမ်း မြေလမ်းကိုတော့ ကျောက်လမ်းခင်းပေးမှာ ဖြစ်ပါတယ်။

နောက်ထပ်ဆက်ပြီးတော့ တင်ပြတဲ့ ကျန်တဲ့ ဘောင်းဒွတ် တံတား ပေ(၄၀)အရှည် သံကူကွန်ကရစ်တံတား ဆောက်ပေးဖို့နဲ့ နောက်ပြီးတော့ ရေပြွန်(၃) ခု ဆောက်ပေးဖို့အတွက်ကို စုစုပေါင်း ခန့်မှန်းငွေ (၄၆.၀)သန်းခန့် ကုန်ကျမှာ တွေ့ရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အတွင်းမှာ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတာတော့ ကျပ်သန်း ပေါင်း(၁၁၈၄၂)သန်း ကတ္တရာလမ်း မိုင်ပေါင်း (၂၁)မိုင်၊ ကျောက်ခင်းလမ်း (၁၀၅)မိုင် (၆)ဖာလုံ၊ မြေသားလမ်း မိုင် (၁၀၀)နဲ့ (၄) ဖာလုံ၊ ကွန်ကရစ်တံတား (၄၈၅)ပေ၊ သစ်သားတံတား (၂၄၄၆)ပေ၊ ရေပြွန်(၉၂၉)ပေ ယခုနှစ် ခွင့်ပြုထားပါတယ်။ မြောက်ဦးမြို့နယ် အနေနဲ့ဆိုရင်လည်း ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ ဘဏ္ဍာငွေ (၁၂၈၅.၈၄)သန်း ကတ္တရာလမ်းအနေနဲ့ ပြောရရင်တော့ (၁၂)မိုင် နဲ့ (၄)ဖာလုံ ကျွန်တော် တို့ တင်ပြရလို့ရှိရင် ကျောက်ချောလမ်းအနေနဲ့ (၂)မိုင်နဲ့ (၁)ဖာလုံ မြေသားလမ်း (၄)မိုင် (၇)ဖာလုံနဲ့ သစ်သားတံတား (၁၉၀)၊ ရေပြွန် (၁၂၀)ပေတို့ကို ဆောင်ရွက်ခွင့်ပြုထားပါတယ်။ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မြောက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ မြောက်ဦး - မဟာထီးလမ်း ဒါကို အဆင့်မြှင့်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်အစိုးရကနေပြီးတော့ ယခုနှစ် ဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ မှာ လျာထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်တဲ့ လုပ်ငန်း ဖြစ်တဲ့ ဘောင်းဒွတ်မှာရှိတဲ့ သံကူကွန်ကရစ်တံတားတစ်ခုနဲ့ ရေပြွန် (၃)ခု ကိုတော့ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ရန်ပုံငွေမှာ ခွင့်ပြုထားခြင်း မရှိပါဘူး။ သို့သော်လည်း လာမယ့် ၂၀၁၅-၂၀၁၆ မှာ အစီအစဥ်အတိုင်း လျာထားပြီးတော့ တင်ပြပေးပါမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီး တင်ပြပါမယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ရဲ့ မေးမြန်းထားတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်မှာ သကျက် (၆)မိုင်- လငု-တောင်ဘိန်း-ဂဏန်းကွင်းကျေးရွာဆက်တဲ့ လမ်းဟာ (၆)မိုင်နဲ့ (၆)ဖာလုံ ရှိပါတယ်။ အဲဒါ အားလုံး မြေသားလမ်း ဖြစ်ပါတယ်။ ခုန တင်ပြသွားတဲ့အတိုင်း ကျေးရွာ (၄)ရွာ၊ လူဦးရေပေါင်း (၃၀၀၀)ခန့် အကျိုးပြုပါတယ်။ လက်ရှိ လမ်းအကျယ် (၁၈)ပေ အမြင့်(၂)ပေရှိတဲ့ မြေသားလမ်း ဖောက်မယ်၊ နောက်ပြီးတော့ ကျောက်လည်း ခင်းမယ်ဆိုလို့ရှိရင် စုစုပေါင်း (၆၆၉.၃၉၇)သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။ တနင်္သာရီတိုင်း ဒေသအနေနဲ့ ကျွန်တော်တို့ ယခုနှစ် ၂၀၁၄-၂၀၁၅ မှာခွင့်ပြုထားတဲ့ ငွေပေါင်းကတော့ (၂၁.၄၀၂)ဘီလီယံ ဖြစ်ပါတယ်။ ကတ္တရာလမ်းအနေနဲ့ပြောရရင် (၇၂)မိုင် (၂)ဖာလုံ ခွင့်ပြုထားပါတယ်။ ကျောက်လမ်း အနေနဲ့ဆိုရင် (၁၅၆)မိုင် ခွင့်ပြုထားပါတယ်။ မြေသားလမ်းအနေနဲ့ (၁၁၇)မိုင်၊ ကွန်ကရစ် တံတားအနေနဲ့ (၆၈၅၄)ပေ သစ်သားတံတားအနေနဲ့ (၆၄၀) ကွန်ကရစ်တံတားအနေနဲ့ (၈၂)ပေ၊ ရေပြွန်အနေနဲ့ (၅၉၅)ပေ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ တနင်္သာရီမြို့နယ်အနေနဲ့ ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတဲ့ငွေကတော့ (၂.၄)ဘီလီယံ ဖြစ်ပါတယ်။ လမ်းအရှည်အနေနဲ့ ကတ္တရာလမ်း (၁၅)မိုင်၊ (၃)ဖာလုံ၊ ကျောက်ချောလမ်း (၈)မိုင် (၂)ဖာလုံ၊ မြေသားလမ်း (၂၅)မိုင် ခွင့်ပြုထားပါတယ်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ တနင်္သာရီမြို့နယ်အတွင်း သကျက်(၆)မိုင် လငုကျေးရွာ၊ တောင်ဘိန်းကျေးရွာ၊ ဂဏန်းကွင်း ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ယခုနှစ် ၂၀၁၄-၂၀၁၅ မှာတော့ ခွင့်ပြုထားခြင်း မရှိပါဘူး။ ကျွန်တော်တို့ လာမယ့် ၂၀၁၅-၂၀၁၆မှာ ဦးစားပေး လျာထားပြီးတော့ တင်ပြပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ တတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကံညွန့် ရဲ့ မေးခွန်းကို ဆက်လက်ပြီးတော့ တင်ပြပါ့မယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အတွင်းမှာ အေးချမ်းသာလမ်းခွဲကနေ စစ်ရင်ကျေးရွာကိုသွားတဲ့လမ်းဟာ အရှည် (၁၁)မိုင်နဲ့ (၄)ဖာလုံရှိပါတယ်။ အကျယ်(၁၈)ပေ မြေသားလမ်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ လက်ရှိ ယာယီသစ်သား တံတားများဖြင့် အသုံးပြုထားပါတယ်။ ပွင့်လင်းရာသီမှာသာ သွားနိုင်ပါတယ်။ ကျောက်ချောလမ်း(၁၁)မိုင်နဲ့ (၄)ဖာလုံ ခင်းလို့ရှိရင်၊ နောက်တံတားများလည်း ပြင်လို့ရှိရင် ကျွန်တော်

တို့ စုစုပေါင်း(၇၃၇.၃၉၅)သန်းလောက် ကုန်ကျမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာပဲ နောက်ထပ် ထပ်ပြီးတော့ အဲဒီလမ်းခွဲကနေပြီးတော့ ပုလဲမြို့နယ်ကို အဲဒီ လမ်းခွဲက နေပြီးတော့ နောက်တစ်ရွာဖြစ်တဲ့ မယင်း ကျေးရွာကို ဖောက်လို့ရှိရင် အဲဒီမှာလည်း အရှည်(၁၀)မိုင်၊ (၁၈)ပေရှိတဲ့ မြေသားလမ်း ဆိုလို့ရှိရင် ဒါအခုလက်ရှိ ကျွန်တော်တို့ မိုးရာသီမှာ သွားလာဖို့ အခက်အခဲဖြစ်နေပါတယ်။ အဆိုပါ လမ်းကို ကျောက်ခင်းလို့ရှိရင် စုစုပေါင်း ခန့်မှန်း ကုန်ကျငွေ (၃၆၇.၃)သန်းခန့် ကုန်ကျမှာဖြစ်ပြီးတော့ ကျေးရွာ (၆)ရွာ၊ အိမ်ခြေပေါင်း(၉၇၉)လုံး၊ လူဦးရေပေါင်း (၄၈၁၈)ဦးကို အကျိုးပြုမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာရှိတဲ့ ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့ ခွင့်ပြုထားတာကတော့ ကျပ်သန်းပေါင်း (၁၁၇၈၄)သန်း ဖြစ်ပြီးတော့ ကတ္တရာလမ်း အနေနဲ့ဆိုရင် (၂၂)မိုင်(၅)ဖာလုံ၊ ကျောက်ချောလမ်း အနေနဲ့ (၁၂၃)မိုင်၊ မြေသားလမ်းအနေနဲ့ မိုင်(၁၆၀) ကျွန်တော်တို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ ပုလဲမြို့နယ်အတွင်းမှာ ကျွန်တော်တို့ ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ မှာ၊ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတဲ့ငွေကတော့ (၂၃၃.၅၅)သန်းဖြစ်ပြီးတော့ ကတ္တရာလမ်း(၄)မိုင်နဲ့ ရေပြွန်ပေ(၄၀)တို့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ပုလဲမြို့နယ် အတွင်းမှာရှိတဲ့ အေးချမ်းသာလမ်းခွဲကနေပြီးတော့ စစ်ရင်ကျေးရွာလမ်းနဲ့ နောက်တစ်လမ်းဖြစ်တဲ့ အေးချမ်းသာလမ်းခွဲမှ မယင်းကျေးရွာလမ်း (၂)လမ်းကို ကျွန်တော်တို့ ယခုနှစ်မှာတော့ ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားခြင်းမရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ကစပြီးတော့ ကျွန်တော်တို့ အပိုင်းလိုက်လျာထားပြီးတော့ ဦးစားပေးအလိုက် ကျွန်တော်တို့ လျာထားပြီးတော့ တင်ပြပေးမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးမိုးမြင့်(ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၈-၉-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၃၀-၉-၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမည် ဟု ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၂ ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ(၇)တွင် ဖော်ပြထားချက်များနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး နည်းဥပဒေ(၅)တို့တွင် ဖော်ပြချက်များအရ ဆယ်အိမ်စု တစ်စုစီအလိုက် ရွေးချယ်ခြင်းခံရသည့် ကိုယ်စားလှယ်သည် တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော အိမ်ထောင်စု ဆယ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းဖြစ်ပြီး ဆယ်အိမ်မှူး၊ ရာအိမ်မှူးအစရှိသည့် တာဝန်ကို ထမ်းဆောင်သူများနှင့် သီးခြားစီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ခြင်းသည် ခိုင်မာသည့် ဆယ်အိမ်စု အစုအဖွဲ့များ ဖွဲ့စည်းခြင်းစနစ်ကို အခြေခံ၍ အများဆန္ဒနှင့်အညီ အိမ်ထောင်စု တစ်စုချင်းစီမှ ရပ်ကွက်တစ်ခု၊ ကျေးရွာအုပ်စုတစ်ခုလုံးအထိ ဒီမိုကရေစီ နည်းလမ်းအရ လျှို့ဝှက်ဆန္ဒပြုမှုစနစ်ကို ကျင့်သုံး၍ ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခု လွှတ်တော်သို့ တင်သွင်းလာသည့် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် တစ်ဆက် တစ်စပ်တည်းဖြစ်သော အိမ်ထောင်စုဆယ်စုအပေါ်တွင် အခြေခံထားခြင်းမရှိသဖြင့် အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုလုံးကို အမည်စာရင်း တင်သွင်းစေပါက ဖောင်းပွသည့် အမည်စာရင်းများ

ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကို အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ် ပြည့်ပြီးသည့် အိမ်ထောင်စု ကိုယ်စားလှယ်အားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်ဟု ပြင်ဆင်ထားသည့်အတွက် အကြိမ်ကြိမ်ဖိတ်ကြားစုဖွဲ့ ဆောင်ရွက်ရခြင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိခြင်းစသည့် အားနည်းချက်များ ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြင်ဆင်ရန် တင်ပြထားသည့် ဥပဒေကြမ်းအရ ဆောင်ရွက်မည်ဆိုပါက ရွေးချယ်ပွဲပြုလုပ်ရာတွင် စာရင်းဇယား တိကျမှန်ကန်မှု အားနည်းခြင်းနှင့် ရွေးချယ်ချိန်ကြာမြင့်ခြင်းတို့ကို ကြုံတွေ့နိုင်ပါတယ်။ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမပါဝင်ဘဲ ရပ်ရွာ၏ အုပ်ချုပ်ရေး နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ဆောင်ရွက်ရမည့်အစား ငွေကြေးအားဖြင့်သော်လည်းကောင်း၊ ဩဇာအာဏာအားဖြင့်သော်လည်းကောင်း အုပ်စုဖွဲ့ကြိုးပမ်းမှုဖြင့် ရပ်ရွာ၏ အုပ်ချုပ်ရေးအပေါ် စွက်ဖက်ဆောင်ရွက်မည်ကို ကာကွယ်တားဆီးနိုင်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိခြင်း၊ ဒီမိုကရေစီနည်းလမ်းတကျ လျှို့ဝှက်ဆန္ဒပြုမှုစနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အသေးဆုံးအစိတ်အပိုင်းဖြစ်သည့် တစ်ဆက်တစ်စပ်တည်း အစဥ်လိုက်ဖြစ်သော အိမ်ထောင်စုဆယ်စု၏ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိခြင်း၊ လက်ရှိကျင့်သုံးရာ၌လည်း အဆင်ပြေချောမွေ့မှုရှိခြင်းတို့ကြောင့် ယခုပြင်ဆင်သည့် ဥပဒေကြမ်းသည် မူလဥပဒေ၏ အနှစ်သာရအပေါ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်နိုင်ခြင်း မရှိသည်ကို လေ့လာသုံးသပ်တွေ့ရှိရသဖြင့် မူလဥပဒေအတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောထားရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ မူလဥပဒေအတိုင်းသာ ဆက်လက်ထားရှိရန် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အခုလိုဆွေးနွေးခွင့်ရတဲ့အတွက် အများကြီးဝမ်းသာကြောင်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခြေခံဥပဒေကို အခြေခံဥပဒေပုဒ်မ ၂၈၉ မှာ ဖော်ပြတဲ့ ဒီရပ်ရွာက ကြည်ညိုလေးစားပြီးဆိုတဲ့ စကားလုံးကို ကျွန်တော်တို့ ဘယ်လိုပေတံနဲ့ တိုင်းမလဲ။ အမှန်အကန်ဆုံး ဖြစ်အောင်၊ အဲဒါကိုကျွန်တော်တို့ စဉ်းစားသင့်ပါတယ်။ အခုလက်ရှိ ဥပဒေမှာရှိတဲ့ဟာကတော့ ကျွန်တော်ကတော့ အမြင်မှာတော့ အမှန်အကန်ဆုံး မဖြစ်နိုင်ဘူးလို့ထင်ပါတယ်။ ပေတံ အမျိုးမျိုးတော့ ကျွန်တော်တို့ ဒါကို အဓိပ္ပာယ်ဖွင့်ဆိုပြီးတော့ အခုလက်ရှိကတော့ လုပ်တာပေါ့နော်။ သို့သော် ဘယ်သူမှငြင်းလို့မရတဲ့ ပေတံပေါ့၊ ရပ်ရွာက ကြည်ညိုလေးစားပြီး၊ အဲဒါကတော့ ကျွန်တော်တို့ ဒီမိုကရေစီနည်းအရ ရွေးကောက်ပွဲလုပ်မှပဲ ဒါမှန်ကန်တဲ့ ပေတံဖြစ်မယ်လို့ ကျွန်တော်ကတော့ ယူဆပါတယ်။ ရွေးကောက်ပွဲ လုပ်တဲ့အချိန်မှာတောင်မှ အခုလက်ရှိအချိန်ကျင့်သုံးတဲ့ ဒီအများဆုံးမဲရတဲ့သူက အနိုင်ရတဲ့စနစ်တောင်မှ မဟုတ်ဘဲနဲ့ အခုကတော့ Plurality လို့ ခေါ်ရမှာပေါ့နော်။ အဲဒါတောင်မှ မဟုတ်ဘဲနဲ့ Majority (၅၀)ရာခိုင်နှုန်းကျော် မဲရတဲ့သူကိုပဲ ကျွန်တော်တို့ ရပ်ရွာက ကြည်ညိုလေးစားပြီးဆိုတဲ့ ပေတံနဲ့ ပြည့်စုံပါမယ်လို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်တဲ့အချိန်မှာတောင်မှ (၅၀)ရာခိုင်နှုန်း ကျော်ရတဲ့သူ မရှိဘူး ဆိုရင်တော့ အဲဒီအထဲကမှ ထပ်ပြီးတော့ အဲဒီလူတွေ အထဲကနေ နောက်တစ်ဆင့် (၅၀)ရာခိုင်နှုန်း ကျော်ရတဲ့အထိ ရွေးနိုင်မှသာ ရပ်ရွာက ကြည်ညိုလေးစားပြီး ဆိုတဲ့ စကားလုံးနဲ့ ကိုက်ညီမယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကျွန်တော်ကတော့ သဘောမတူပါဘူး။ ဒီမှာ (ခ)မှာ ဖော်ပြတဲ့ ဖောင်းပွသည့်အမည်စာရင်းများ ဖြစ်ပေါ်နိုင်ပါသည် ဆိုတာလည်း ကျွန်တော် သဘော မတူပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီဥပဒေမှာကိုက ပုဒ်မ ၅ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းဆိုတာ သတ်မှတ်ထားပြီးသားရှိပါတယ်။ မဖောင်းပွနိုင်ပါဘူး။ ပြီးတော့ ဒုတိယအချက်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း အခက်အခဲရှိခြင်း ဆိုတာလည်း ကျွန်တော်သဘောမတူဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့နေရာနဲ့ အခု ကျွန်တော်တို့ လွှတ်တော်ရွေးကောက်ပွဲတွေ လုပ်တဲ့အချိန်မှာလည်းပဲ ကိုယ့်နေရာမှာပဲကိုယ် ထည့်ကြပါတယ်။ ပြဿနာ မရှိဘူး။

ပြီးတော့ (ဃ) မှာ ပြောထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှု ရှိခြင်းဆိုတဲ့ စကားလုံးကိုလည်း ကျွန်တော်ကတော့ ဒီပေတံနဲ့ တိုင်းမယ်ဆိုရင်တော့ သိပ်ပြီးတော့ မညီညွတ်သေးဘူးလို့ ယူဆပါတယ်။ အဲဒါကြောင့် ဒီပြင်ဆင်ချက်အဆိုကို ကျွန်တော် ထောက်ခံပါတယ်။

ဒုတိယအချက်မှာ ကျွန်တော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို လေ့လာတဲ့အချိန်မှာ ဒီမိုကရေစီစံချိန်စံညွှန်းနဲ့ မကိုက်ညီတဲ့ အရာလေးတွေ တွေ့ပါတယ်။ ဒါကတော့ ဘာလည်းဆိုတော့ ဧည့်စာရင်းတိုင်တဲ့ကိစ္စပါ။ ကျွန်တော်တို့ ဒီဥပမာပေါ့နော်၊ ငှက်ကလေး တစ်ကောင်ကို လှောင်အိမ်ထဲမှာ အကြာကြီးထားလို့ရှိရင်တော့ နေသားအရမ်းကျလို့ သူ့ကို အဲဒီလှောင်အိမ်ကနေ လွှတ်လို့ရှိရင်လည်း အဲဒီလှောင်အိမ်ထဲကို ပြန်ဝင်ချင်နေတဲ့ပုံစံမျိုးလည်း ကျွန်တော်တို့ မဖြစ်သင့်ပါဘူး။ ဒီဥပဒေကလည်း အင်္ဂလိပ်ခေတ်က ကျွန်စနစ်နဲ့ လာအုပ်ချုပ်တဲ့အချိန်မှာ သူတို့က လွယ်လွယ်ကူကူ ပြည်သူလူထုတွေကို နှိပ်စက်နိုင်အောင် စပြီးတော့ ရေးဆွဲထားတဲ့ ဥပဒေလို့ပဲ ကျွန်တော်ယူဆပါတယ်။ ကျွန်တော်တို့ လွတ်လပ်တဲ့ နိုင်ငံဖြစ်လာပြီးတဲ့နောက်မှာ အဲဒီလိုမျိုး လှောင်အိမ်မှာရှိနေတဲ့ ငှက်တွေလို ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒီလိုမျိုး မဖြစ်သင့်တော့ပါဘူး။ လွတ်လပ်တဲ့ အတွေးအခေါ်တွေ ကျွန်တော်တို့ Mind Set တွေလည်း ပြောင်းသင့်နေပါပြီလို့ ယူဆပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပြည်သူလူထုတွေကို နေရင်းထိုင်ရင်းနဲ့ ပြစ်မှုကျူးလွန်စေတဲ့ ပုဒ်မဖြစ်ပါတယ်။ ဒါဟာ တစ်ကမ္ဘာလုံးမှာလည်း ဧည့်စာရင်းတိုင်တဲ့စနစ် မရှိတော့ဘူးလို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံထဲမှာပဲ ဒီလိုကျင့်သုံးတယ်လို့ ကျွန်တော်သိရပါတယ်။ ဧည့်စာရင်းသွားမတိုင်လို့ရှိရင် သို့မဟုတ် ပုဒ်မ ၁၇ မှာ ဖော်ပြထားတဲ့အတိုင်းပေါ့၊ (ခ)မှာဖော်ပြတဲ့ ကိုယ့်ဆီမှာလာတည်းတဲ့သူကို ပြန်တဲ့အချိန်မှာ သွားပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီမှာ သွား မတင်ပြလို့ရှိရင် သူက ထောင်ဒဏ်(၇) ရက်တောင် ကျနိုင်တယ်။ ဒါကိုက နေရင်းထိုင်ရင်းနဲ့ ဒါဟာ ပြည်သူလူထုအားလုံးကို ဒါပြစ်မှု ကျူးလွန်သူအဖြစ် ရောက်စေတဲ့ ပုဒ်မတွေဖြစ်ပါတယ်။ ဒါမလိုလား အပ်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ကျွန်တော် နယ်လှည့်တဲ့ အချိန်မှာ၊ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက် နယ်လှည့်နေတဲ့အချိန်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အဲဒါ စာရေးက ဧည့်စာရင်း တိုင်တဲ့ဟာကြီးကို လာပြတယ်။

ဒါ ဧည့်စာရင်း တိုင်ရအောင်၊ ဒါ တိုင်ရမလိုလို မတိုင်ရမလိုလို ဖြစ်နေတယ်။ ဒါ ဥပဒေမှာလည်း ဖော်ပြထားတယ်။ ကျွန်တော်တို့ ဒီဥပဒေက မလိုအပ်ဘူးလို့ ထင်ပါတယ်။ ပြီးတော့ ဒါကို ကျွန်တော်တို့ နိုင်ငံသားအချင်းချင်း နှိပ်စက်ခဲ့တဲ့၊ ဒါကို နှိပ်စက်လို့ရအောင်ပေါ့၊ အသုံးပြုခဲ့တဲ့ ပုဒ်မတွေပဲ ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ အရင်ခေတ်တုန်းကဆိုရင်လည်း ကျွန်တော်တို့ တိုင်းရင်းသားတွေ နယ်ကနေလာလို့ရှိရင် မြို့ကြီးတွေမှာပေါ့၊ လာလို့ရှိရင် ဧည့်စာရင်းတိုင်ခိုင်းတယ်။ မတိုင်လို့ရှိရင်လည်း ထောင်ကျတာတွေလည်း အများကြီးရှိတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံအတွင်းမှာလည်း ဒီငြိမ်းချမ်းရေးကို ဖျက်ဆီးစေတဲ့ အရာတစ်ခုလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်ရောက်လာကာစဆိုရင် ကျွန်တော့်အစ်ကိုကြီး အကြီးဆုံးက ကျမ်းစာကျောင်းဖွင့်တော့ ကျမ်းစာကျောင်း လာတက်တဲ့သူတွေက များတယ်။ ဒါတစ်ပတ်တစ်ကြိမ် တိုင်ရတယ်။ ရပ်ကွက်က တစ်နာရီ၊ နှစ်နာရီလောက်မှာ လာခေါ်ပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ အယောက်(၃၀)၊ (၄၀)၊ (၅၀) တန်းစီခိုင်း ပြီးတော့ လက်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက်ကို ကိုင်ပြီးတော့သွားတဲ့ အကြိမ်လည်းမနည်းဘူး။ အဲဒီလို ဖြစ်နေတယ်။

ဒါတွေက ကျွန်တော်တို့ ဘာဖြစ်လို့ လိုအပ်နေတာလဲ။ အခု ကျောင်းသားတွေကလည်း တိုင်ရမယ် ဒီဥပဒေအရဆို ဘယ်သူမဆိုပေ့ါနော်။ ဒါတစ်နေရာနဲ့ တစ်နေရာ ရောက်တိုင်း ရောက်တိုင်း ဒီလိုတိုင်ရမယ်။ ဒါ မတိုင်ဘူးဆိုရင်တော့ အမှန်ဆိုရင်တော့ ဒါ နိုင်ငံသား အားလုံးက ပြစ်မှု ကျူးလွန်နေတာပဲ။ ဒါ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဒါကို အရေးမယူဘူးဆိုရင်၊ အမှန်ဆိုရင် သူလည်း ဒါတာဝန် ပျက်ကွက်ပြီးတော့ ပြစ်မှုကျူးလွန်နေတာပဲ။ ပြီးတော့ ရွာတွေမှာ ကျွန်တော်တို့ နယ်တွေမှာ ဆိုကြပါစို့၊ (၅)ရွာမှာ အုပ်စုတစ်စုလို ဘာတို့တောင်ရှိတယ်။ တစ်ရွာကနေတစ်ရွာ အုပ်ချုပ်ရေးမှူးဆီမှာ သွားဖို့ရာ (၅)မိုင်လောက်ဝေးတယ်။ အဲဒီမှာ ဒါ ကိုယ်ကခဏသွားတည်းလို့ (၅)မိုင်ကို သွားပြီးတော့ သူတို့က ဧည့်စာရင်းသွားတိုင်ရမယ်။ ဒီမှာ ဖော်ပြတဲ့အတိုင်းဆိုရင် ရွာမှာရှိတဲ့ ရွာတာဝန်ခံဆီမှာလည်း တိုင်လို့ ရတယ်လို့လည်း မဖော်ပြထားဘူး။ အမှန်ဆို ဥပဒေကို အတိအကျအဓိပ္ပာယ်ဖွင့်မယ်ဆိုရင် အုပ်ချုပ်ရေးမှူးဆီမှာ တိုင်ရမယ်လို့ ဖော်ပြထားတယ်။ ဒါတွေကလည်း မလုပ်ဘူးဆိုရင် အမှန်ဆိုရင် ကျွန်တော်တို့ နိုင်ငံသားတွေက အလိုလို နေရင်း ထိုင်ရင်းနဲ့ ရိုးရိုးသားသားနဲ့ပဲ သွားလာနေတဲ့သူတွေက ပြစ်မှုကျူးလွန်သူတွေပဲ ဖြစ်နေတယ်။ ကျွန်တော်တို့ ပြန်ပြီးတော့ စဉ်းစားသင့်ပါတယ်။ ပယ်ဖျက်သင့်ပါတယ်လို့ ကျွန်တော်ထင်မြင်ပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကြီးမှာ ကျွန်တော်အနေးအညွှတ် တင်ပြချင်တာကတော့ ဧည့်စာရင်းတိုင်ခြင်းနဲ့ ပတ်သက်တဲ့ ပုဒ်မတွေ ဖြစ်တဲ့ ပုဒ်မ ၁၃(ဆ)၊ ပုဒ်မ ၁၇ ပြီးတော့ ပုဒ်မ ၂၇ တို့မှာပါရှိတဲ့ စကားရပ်တွေကို ပြင်ဆင် ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ ဦးဇုန်လှယ်ထန်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]